ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ သောကြာနေ့၊ (23-1-2015) (၈၀၉၄)

## အနှစ်ရှိသော တရား

သာရဉ္စသာရတော ဉတွာ၊ အသာရဉ္စ အသာရတော၊
တေ သာရံအဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍ လည်းကောင်း၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ လည်းကောင်း သိမြင်ကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှု၊ အာရုံရှိရကား အနှစ်ရှိသော တရားကို ရရှိနိုင်ကြကုန်၏။

(ယမကဝဂ္ဂ၊ ဓမ္မပဒ)

# ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် တပ်မတော်မှပါဝင်ကူညီဆောင်ရွက်နေမှုများ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲယွန်ဟီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အချင်းချင်း၏ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေးအပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအတွက်ပါ ချစ်ခင်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံတပ်မတော်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူများအေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် နှစ်နိုင်ငံတပ်မတော်အသီးသီး၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် တပ်မတော်မှပါဝင်ကူညီဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ဆောင်ရွက်နေမှုများအား ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်နှင့် ဦးတင်နိုင်သိန်း တို့တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဘတ်ဆွန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲယွန်ဟီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# AIR KBZ လေကြောင်းလိုင်းမှ အသစ်ထပ်မံဝယ်ယူသော ATR 72- 600 လေယာဉ်သစ်တစ်စင်း ရောက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၂၂**

AIR KBZ လေကြောင်းလိုင်းမှ ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် တိုးချဲ့ပျံသန်းနိုင်ရန်အတွက် ထပ်မံဝယ်ယူခဲ့သော ATR 72- 600 လေယာဉ်အမှတ် XY- AJW MSN 1224 သည် ပြင်သစ်နိုင်ငံမှတစ်ဆင့် Ferry Flight ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၂၂ ရက် နံနက် ၇ နာရီ ၂၈ မိနစ်တွင် ရောက်ရှိခဲ့သည်။ AIR KBZ လေကြောင်းလိုင်းတွင် ယခု ATR 72-600 လေယာဉ်သစ်တစ်စင်းအပါအဝင် ATR 72-600 လေယာဉ်သုံးစင်း၊ ATR 72-500 လေယာဉ်ငါးစင်း စုစုပေါင်းလေယာဉ် ရှစ်စင်းဖြင့် ပြည်တွင်းလေကြောင်း ခရီးစဉ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အခြေပြု၍ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ ကလေး၊ မြစ်ကြီးနား၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်အချိန်မှန် ပျံသန်းပေးလျက်ရှိသည်။ မေ ၁ ရက်မှစ၍ ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်ကိုလည်း တိုးချဲ့ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ချစ်ကိုကို)**

## ထူးခြားသည့် ညအပူချိန်များ

ဟားခါး
၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်
၄ ဒီဂရီစင်တီဂရိတ်



**ကြေးမုံ စာတည်းရှေ့ထောင့် ၂၃-၁-၂၀၁၅၊ သောကြာနေ့**

# သဘာဝသယံဇာတကို အများအကျိုးရှိဖို့အသုံးချ

မြန်မာနိုင်ငံအကြောင်း မကြာခဏ ရေးသားပြောဆိုကြရာ မရိုးနိုင်သော ပုံပြင်တစ်ပုဒ်ကဲ့သို့ ဖြစ်လာသည်။ မြန်မာနိုင်ငံအကြောင်းဆိုသည်မှာ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ပိုကဲသာလွန်သည့် ပထဝီဝင်အနေအထား အကြောင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသဘာဝအခြေအနေမှာ အများပြည်သူသိကြသည့်အတိုင်း သင့်တင့်မျှတ၍ သဘာဝသယံဇာတများ ရှေးအတိတေကာလကတည်းက ပေါများပါသည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံကြီးများနှင့် နှိုင်းစာလျှင် များစွာမကျယ်ဝန်းဟုဆိုစေကာမူ ထွန်ယက်စိုက်ပျိုးနိုင်သည့်မြေများနှင့် သယံဇာတ တွင်းထွက်ပစ္စည်းများ ပေါများကြွယ်ဝသောကြောင့် စီးပွားရေးနှင့်တိုးတက်ကြီးပွားရေးအတွက် အလားအလာကောင်းသော နိုင်ငံဖြစ်သည်။ ထိုအနေအထားကောင်းများမှာ ယခင်က ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် အခွင့်အလမ်းကောင်းများရရှိလာသည်။ ထိုအခါ ရေနှင့်မြေကို ထိထိရောက်ရောက် အသုံးချလာနိုင်မှုမှာ လက်တွေ့ကျသော အခြေအနေကောင်းများအဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ပမာဏ မဂ္ဂါဝပ်တစ်သိန်းအထိ ထုတ်လုပ်နိုင်မည့် အလားအလာရှိနေသည့်အတွက် ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ ရေအားလျှပ်စစ်အသင်းတို့ ပူးပေါင်း၍ ရေရှည်ခံသည့် ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးကို မြှင့်တင်ဆောင်ရွက်မည်ဟု မကြာသေးမီက ကမ္ဘာ့ဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ မြန်မာနိုင်ငံတွင် လက်ရှိထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ် ၃၅၀၀ ရှိသည်။ ယင်းထက်အဆ ၃၀ နီးပါးပိုမိုသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် စွမ်းအားရတနာသိုက်ကြီးကို မြန်မာနိုင်ငံက ပိုင်ဆိုင်နိုင်မည့်သဘောဖြစ်သည်။

လျှပ်စစ်စွမ်းအားသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားရေး အတွက် အခြေခံကျသောအချက်ဖြစ်သည်။ ရေသယံဇာတပေါများ ကြွယ်ဝသော မြန်မာနိုင်ငံအဖို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ၏ အကူအညီဖြင့် လက်တွေ့ကျသည့် ထိရောက်သောဖွံ့ဖြိုးမှုကိုဖြစ်စေမည်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဖို့နှင့် လူမှုဘဝများနှင့် သဟဇာတဖြစ်ဖို့လည်း လိုပေမည်။

လျှပ်စစ်နှင့်ဆည်မြောင်းဆိုသည်မှာ တစ်မိတည်းပေါက်သည့် ညီအစ်ကိုရင်းချာများဖြစ်သည်။ ရေရှိလျှင် လျှပ်စစ်ရနိုင်၍ ရေနှင့်လျှပ်စစ် တွဲဖက်ဖြစ်လာသည်။ အကြမ်းအားဖြင့် ဆည်မြောင်းဆိုသည်မှာ လိုအပ်သော စိုက်ပျိုးရေကို လယ်ယာသို့စနစ်တကျသွင်း၍ မလိုအပ်သော ရေကိုထုတ်နုတ်ပေးရသော လုပ်ငန်းဖြစ်သည်။ မြစ်များ၊ ချောင်းများအထက်တွင် တည်ဆောက်ရပြီး စိုက်ပျိုးရေ၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားရရှိရေးတို့အပြင် မြစ်ရေ၊ ချောင်းရေလျှံတက်ခြင်း၊ ရေကြီးခြင်းတို့မှ ကာကွယ်နိုင်အောင် ရည်ရွယ်ချက်ကောင်းကောင်းဖြင့် တည်ဆောက်ကြခြင်းဖြစ်သည်။

ထိုသို့ ရေနေအောင်ဖန်တီးထားခြင်းသည် ဤမြေတွင်နေထိုင်ကြသော လူ၊ တိရစ္ဆာန်၊ အပင်များရှင်သန်ရပ်တည်မှုအတွက် အထောက်အပံ့ကောင်းဖြစ်သည်။ ထိုလူသတ္တဝါအပင်တို့အတွက် ပဓာနကျသော ရိက္ခာ၊ အာဟာရများရယူနိုင်ရန်မှာ ရေသည်အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ပတ်ဝန်းကျင်နှင့် သက်ရှိတို့အား အကျိုးပြုထားမှုနမူနာပြမြင်ကွင်းကို မိတ္ထီလာလွင်ပြင်မှ မုန်တိုင်ရေလှောင်တမံ၏ ရေပေးတူးမြောင်းနှင့် သစ်တောဧရိယာများက သက်သေပြလျက်ရှိသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိလူသတ္တဝါများ အကျိုးပြုရေလှောင်တမံနှင့်ရေအားလျှပ်စစ်ထုတ်တမံများ တည်ဆောက်ခြင်းသည် နိုင်ငံအကျိုးပြုလုပ်ငန်းများပင်ဖြစ်သည်။ ထိုသို့ တည်ဆောက်ရာတွင် ပြည်သူအားလုံး ရေရှည်အကျိုးဖြစ်ထွန်းရေးအတွက် စနစ်တကျနှင့် စဉ်ဆက်မပြတ်ထိန်းသိမ်းပြုပြင်ဆောင်ရွက်ခြင်းများက ပေါများကြွယ်ဝလှသော မြန်မာနိုင်ငံ၏သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချနိုင်အောင် ဆောင်ရွက်ရာရောက်ပေသည်။ ။

# နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

(၂၃) ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများ၊ တရုတ်၊ ဂျပန်၊ သြစတြေးလျ၊ စပိန်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ပညာအဖွဲ့ဝင် ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။ ယင်းနောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ဓာတ်ပုံပြခန်း၊ ဆေးကုမ္ပဏီပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်ခိုင်နှင့် ဒေါက်တာသန်းသန်းမော်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံရှိ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး နှစ်(၅၀) ပြည့် ရွှေရတုဖြစ်သည့် ယခုနှစ်တွင် "Golden Jubilee and Beyond" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ညီလာခံတွင် တရုတ်၊ ဂျပန်၊ သြစတြေးလျ၊ စပိန်နှင့် အာဆီယံနိုင်ငံအချို့မှ အထူးကုဆရာဝန်ကြီးများက ဘာသာရပ်ဆိုင်ရာသင်ကြားပို့ချမှုများ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် သုတေသနစာတမ်းပေါင်း ၂၀ ကို ဖတ်ကြားမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းညီလာခံမကျင်းပမီ အကြိုဆောင်ရွက်မှုအနေဖြင့် ဇန်နဝါရီ ၂၀ နှင့် ၂၁ ရက်တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်ကြားရေးခန်းမ၌ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့က ဘာသာရပ်ဆိုင်ရာ သင်ကြားမှုများကို လက်တွေ့သရုပ်ပြသခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် ပြည်တွင်း ပြည်ပ အထူးကုပညာရှင်များ ပူးပေါင်း၍ ခွဲစိတ်ကုသခြင်း၊ အသိပညာပေးခြင်း၊ အတွေ့အကြုံမျှဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

"မြန်မာနိုင်ငံကို အလွန်စိတ်ဝင်စားလို့ စပိန်ကနေ လာရောက်ခြင်းဖြစ်ပါတယ်။ ဒီနိုင်ငံမှာ အခုလို ORL အထူးကုဆရာဝန်တွေ ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးဖြစ်တာ အလွန်ဝမ်းသာပါတယ်။ ညီလာခံမှာလည်း ဒီဘာသာရပ်နဲ့ဆိုင်တဲ့ တိုးတက်နေတဲ့ နည်းပညာတွေအကြောင်းကို ပါဝင်ဆွေးနွေးသွားမှာပါ။ နောက်ထပ်လာဖို့လည်း မျှော်လင့်ပါတယ်"ဟု ညီလာခံသို့ တက်ရောက်လာသော စပိန်နိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး Dr. Jose J. Barajas de Prat က ပြောကြားသည်။ အဆိုပါ ညီလာခံကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒိုက်ဦးမြို့၌ မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

**ဒိုက်ဦး ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) တိုင်းဒေသကြီး ဦးစီးဌာနမှူး၊ ပဲခူးခရိုင် ဦးစီးဌာနမှူးတို့၏ ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်နိုင်မင်း ဦးဆောင်မှုဖြင့် ကျေးရွာတာဝန်ခံတိုက်နယ်မှူး ဒေါ်သူဇာတို့က ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် သဲကောကျေးရွာအုပ်စုရှိ ကျေးရွာသူကျေးရွာသားများအား အိမ်ထောင်စုလူဦးရေစာရင်းဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ကျေးရွာသူ ကျေးရွာသား ၁၀၅ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားမှတ်ပုံတင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၉၄၇၀၀ | - | ၆၉၅၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၉၄၇၀၀ | - | ၆၉၅၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၅၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၈၈. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၄. ၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁. ၄၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၃. ၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၆၃၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၆၈. ၁၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄. ၄၁၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၂၉. ၂၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၆၇. ၃၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





## ပြည်တွင်းရေးရာ

❖ **ဒုတိယသမ္မတမှ**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နယူးဒေလီမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၄၀ တွင် မွန်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ အိန္ဒိယနိုင်ငံ သံတမန်ဌာနအကြီးအကဲက ခရီးဦးကြိုဆိုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်ဘိုင်းမြို့ ဗောဓိဝလိရပ်ကွက်ရှိ ရွှေတိဂုံစေတီတော်ပုံစံတူ ဝိပဿနာ စေတီတော်ကြီးသို့ ရောက်ရှိရာ စေတီတော်ဂေါပက ဥက္ကဋ္ဌ မစ္စတာ နရန်ရှာနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းကာ စေတီတော်မြတ်ကြီး ပရိဝုဏ်လိုဏ်ဂူတော်ကြီးအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုသည်။

အဆိုပါစေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးလိုဏ်ဂူ ဝိပဿနာစေတီတော်မြတ်ကြီးဖြစ်ပြီး ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးထက် ဉာဏ်တော် တစ်ပေနိမ့်၍ အမြင့် ၃၂၅ ပေရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်နှင့် အိန္ဒိယ ဒုတိယသမ္မတနှင့်ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်တို့ Red Fort သို့ လှည့်လည်ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

# ရွှေတိဂုံစေတီတော်၌ ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ယခုအချိန်အခါသည် ထမနဲလရာသီဟုခေါ်သည့် တပို့တွဲလရာသီသို့ ဝင်ရောက်လာပြီဖြစ်သည်။ ထိုလရာသီ တွင်တပို့တွဲလပြည့်နေ့ နံနက်အရုဏ်၌ မြတ်စွာဘုရားအား ထမနဲဆွမ်းကပ်လှူရန် တပို့တွဲလဆန်း ၁၄ ရက် ညနေပိုင်း တွင် ဘုရား၊ စေတီ၊ ကျောင်း၊ ရပ်ကွက်များ၌ ထမနဲထိုး ပြိုင်ပွဲများ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော်၌ တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၂ ရက်) ညနေ ၄ နာရီတွင် ဂေါပကအဖွဲ့ ဝန်ထမ်း၊ ဘာသာရေးအသင်းအဖွဲ့၊ လုပ်ငန်းကန်ထရိုက်များ၊ မိတ်ဖက်အသင်းအပါအဝင် စုစုပေါင်း ၃၆ သင်းတို့က စေတီတော်အရှေ့ဘက်မုခ် ထန်းပင်ကုန်းကွင်း၌ ထမနဲထိုး ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုနှစ် ဆုငွေမှာ ယမန်နှစ်ကထက်အနည်းငယ်တိုး မြှင့်ထားပြီး ပထမဆု ကျပ် ၂၅၀၀၀၀၊ ဒုတိယဆုကျပ် ၂၀၀၀၀၀၊ တတိယဆု ကျပ် ၁၈၀၀၀၀၊ စတုတ္ထဆုကျပ် ၁၅၀၀၀၀၊ ပဉ္စမဆုကျပ် ၁၂၀၀၀၀ နှင့် နှစ်သိမ့်ဆု ကျပ် ၈၀၀၀၀ စီ ချီးမြှင့်မည်ဖြစ်ကြောင်း ရွှေတိဂုံဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(ခင်ချိုဝင်း)**

# ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းဖွင့်

**အထက်မင်းလှ ဇန်နဝါရီ ၂၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် IFAD တို့ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စွမ်းရည်မြှင့်တင်ရေးစီမံကိန်းအဖြစ် ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်း ဒေသကြီးဦးစီးမှူး ဦးကျော်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ အမျိုးသားစီမံကိန်းအကြံပေး ဦးဇော်ထွန်းဦး၊ IFAD မှတာဝန်ရှိသူ ဖိလစ်ပိုင်နိုင်ငံသား Mr. Jerry E pacturan နှင့် စီမံကိန်းဝင် ကျေးရွာဖြစ်သည့် သခွတ် ရင်း၊ ညှင်းသွန်း၊ လက်ပံတံခါး ကျေးရွာတို့မှ တစ်ရွာလျှင် သင်တန်းသား သင်တန်းသူ ကိုးဦးဖြင့် စုစုပေါင်း သင်တန်း သား သင်တန်းသူ ၂၇ ဦးတို့ တက်ရောက်ကြကြောင်း သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**




ဒုတိယသမ္မတ ဦးညဏ်ထွန်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာတွင် ကျင်းပမည့် မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲပြိုင်ပွဲအတွက် ကြိုတင်ခင်းကျင်းထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒေသခံများ၏ သဘောထားများကို လျစ်လျူရှုခြင်းများကြောင့်လည်း မြေယာပြဿနာများ ပေါ်ပေါက်နေရခြင်းဖြစ်။**

✪ **ကျောဖုံးမှ**

တည်နေရာ၊ အကျယ်အဝန်း၊ စက်ရက်ကန်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ ဦးစီးဌာနအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်ကျောင်းများဖွင့်လှစ်ထားရှိမှု၊ ဖွင့်လှစ်ထားရှိရခြင်းရည်ရွယ်ချက်၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအဆင့်တိုးမြှင့်နိုင်ခဲ့မှု၊ သိပ္ပံနှင့်ကျောင်းများတွင် ပို့ချလျက်ရှိသောသင်တန်းများ၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နှစ်အလိုက် သင်တန်းများပို့ချနိုင်ခဲ့မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ပူးပေါင်း၍ ပြည်နယ်များတွင် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၏ မျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ အကောင်းဆုံးသော ရက်ကန်းစင်တာနှင့် အရှေ့တောင်အာရှ၏ သဘာဝဆိုးဆေးနှင့် လက်ရက်ထည်ကဏ္ဍ ထိပ်တန်းနည်းပညာသင်ကြားပေးနိုင်သည့်ကျောင်းအဖြစ် ရပ်တည်သွားနိုင်ရေး ကြိုးပမ်းသွားရန် ဖြစ်ပါကြောင်း၊ ဆောင်းဒါးရက်ကန်းသိပ္ပံမှာ သမိုင်းအစဉ်အလာ ကြီးမားသည့်ကျောင်းကြီးဖြစ်ပြီး “လွန်းပြန်အစဆောင်းဒါးက” ဟူသည့်ဆောင်ပုဒ်ကို တန်ဖိုးထားရမည်ဖြစ်ကြောင်း၊ ရိုးရာရက်ကန်းအမွေအနှစ်များကို ဆက်လက်ရပ်တည်နိုင်ရေး၊ ရှင်သန်နိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် နေရာဖြစ်အောင် ဖန်တီးသွားရန်၊ ဆောင်းဒါးရက်ကန်းရက်ထည်များအား ဈေးကွက်ထိုးဖောက်ရာတွင် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် တီထွင်ဖန်တီးနိုင်ရန်လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စက်ရက်ကန်းအလုပ်ရုံ၊ မြန်မာလက်ရက်အထည်ထုတ်လုပ်မှုပြခန်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်လုပ်ငန်း၊ ရိုးရာလွန်းရာကျော် အချိတ်ပြခန်း၊ ဒီဇိုင်းနှင့် အထည်ဆေးရေးပြခန်း၊ တိုင်းရင်းသားရိုးရာဝတ်စုံပြခန်းနှင့် အရောင်းပြခန်းတို့အား လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတွင် တရားရေးမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော Mr. L.H Saunder က အင်္ဂလန်မှ လွန်းပြန်လက်ခတ်တစ်ခုကို ယူဆောင်၍

**စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဂတိတရားကင်းရှင်းမှု၊ စေတနာမှန်သော စာနာထောက်ထားမှုများဖြင့် သက်ဆိုင်သူများသို့ တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ လွှဲပြောင်းပေးအပ်ကြရန်ဖြစ်။**

အမရပူရမြို့တွင်ရှိသော ရိုးရာလက်ရက်ကန်းစင်၌ တပ်ဆင်အသုံးပြုခဲ့ပြီး ရက်ကန်းအတတ်ပညာများကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရန် ၁၉၁၄ ခုနှစ်တွင် အမရပူရမြို့ ယခုလက်ရှိနေရာ၌ ရက်ကန်းပညာသင်ကျောင်းတစ်ကျောင်းကို စတင်တည်ထောင်ခဲ့သည်။ ရက်ကန်းပညာသင်ကျောင်းကို စတင်တည်ထောင်ပေးခဲ့သော Mr. L. H Saunders ကို ဂုဏ်ပြုသောအားဖြင့် ယင်းရက်ကန်းကျောင်းကို ဆောင်းဒါးရက်ကန်းကျောင်းဟု အမည်ပေးခြင်းဖြစ်ပြီး ယခုအခါ နှစ်(၁၀၀)တိုင်ခဲ့ပြီဖြစ်သည်။

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံသည် ဒေသအသီးသီးရှိ အထက်တန်း ရက်ကန်းကျောင်းရှစ်ကျောင်း၊ အခြေခံရက်ကန်းကျောင်းငါးကျောင်းတို့နှင့် ချိတ်ဆက်ကာ သင်ကြားပို့ချပေးနေသော ကျောင်းကြီးဖြစ်ပြီး ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း ၁ မှ ၇ ထိ သိမ်းဆည်းမြေများအပေါ် ဖြေရှင်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး မြေယာခန့်ခွဲမှုကော်မတီအနေဖြင့် သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးနေမှု၊ အမှုတွဲ လက်ကျန်အခြေအနေ၊ မြေရိုင်း၊ တောရိုင်းမြေများ ကျန်ရှိမှု၊ လယ်မဲ့၊ ယာမဲ့စာရင်းကောက်ခံထားမှု၊ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့သည့် အစီရင်ခံစာများအပေါ် မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ရမည့် မြေအမှုကိစ္စများနှင့် ပတ်သက်၍ စိစစ်ပြီးစီးမှုအပေါ် ပြည်သူများလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်မှု အခြေအနေများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်တို့က ၎င်းတို့ဝန်ကြီးဌာနအလိုက် သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် သိမ်းဆည်းမြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ရင်ဆိုင်နေရသော ကြီးမားသည့် စိန်ခေါ်မှုများထဲတွင် မြေယာပြဿနာများလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ မြေယာပြဿနာများ ကြီးမားစွာပေါ်ပေါက်လာရခြင်းမှာ စနစ်ဟောင်း၏ လုပ်ထုံးလုပ်နည်းများရှုပ်ထွေးခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားပုံစံများ စစ်ဆေးရန် ခက်ခဲခြင်း၊ ခေတ်နှင့် လျော်ညီမှုမရှိတော့သည့် လုပ်ထုံးလုပ်နည်းဟောင်းများ၊ ဥပဒေဟောင်းများပါရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ ယင်းအားနည်းမှုကို အခွင့်ကောင်းယူကာ စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒေသခံများ၏ သဘောထားများကို လျစ်လျူရှုခြင်းများကြောင့်လည်း မြေယာပြဿနာများပေါ်ပေါက်နေရခြင်းဖြစ်ပါကြောင်း။

တိုင်းဒေသကြီးမြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများသည် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေများနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့သည့် မြေကိစ္စများ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ ပေးပို့သည့် မြေကိစ္စများနှင့် ပတ်သက်၍ စိစစ်ဖြေရှင်းရာတွင် ညှိနှိုင်းပေါင်းစပ်ပြီး အလေးအနက်ထား ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဂတိတရားကင်းရှင်းမှု၊ စေတနာမှန်သော စာနာထောက်ထားမှုများဖြင့် သက်ဆိုင်သူများသို့ တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ လွှဲပြောင်းပေးအပ်ကြရန်ဖြစ်ပါကြောင်း၊ ပေးအပ်ရန်ကျန်မြေများအား ထပ်မံစိစစ်ပြီး လွှဲပြောင်းပေးအပ်သင့်သည့် မြေများဖြစ်ပါက အမြန်ဆုံးလွှဲပြောင်းပေးအပ်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအပိုင်းများတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်းများကိုလည်း ပိုမိုလွယ်ကူရှင်းလင်းမည့် လုပ်ငန်းစဉ်များနှင့် ဖြည့်စွက်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီးအပါအဝင် အဆင့်ဆင့်သော မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဝင်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှု အချိန်ဇယားရေးဆွဲထားရှိပြီး အမြဲမပြတ်စောင့်ကြည့်စစ်ဆေးလျက် မြေယာကိစ္စများအား အမြန်ဆုံးဥပဒေနှင့်အညီ ထိရောက်လျင်မြန်စွာ ပြီးပြတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ်၍ အလေးထားဖြေရှင်းဆောင်ရွက်ကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

**မန္တလေးတိုင်း ဒေသကြီးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့လာသည့် အစီရင်ခံစာအပိုဒ် ၁ မှ ၇ ထိမြေအမှုတွဲ ၅၇၆ မှုရှိပြီး စိစစ်ပြီးအမှုတွဲ ၅၄၆ မှု၊ စိစစ်ဆဲအမှု ၃၀ ရှိကြောင်း၊ စိစစ်ပြီးအမှု ၅၄၆ မှုတွင် စွန့်လွှတ်မြေ ၁၃၆၂၉ ဒသမ ၇၁၆ ဧကနှင့် အစီရင်ခံစာတွင်မပါရှိသော်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြား ပြန်လည်စွန့်လွှတ်မြေ ၃၂၇၇ ဒသမ ၂၈၃ ဧကဖြစ်၍ စုစုပေါင်း စွန့်လွှတ်မြေမှာ ၁၆၉၀၆ ဒသမ ၉၉၉ ဧကဖြစ်ကြောင်းသိရှိရပြီး သက်ဆိုင်ရာ တောင်သူ ၂၇၆၁ ဦးထံသို့ မြေ ၁၀၀၄၂ ဒသမ ၃၀၄ ဧကနှင့် သက်ဆိုင်သည့် ဌာနများသို့ ၆၂၉၈ ဒသမ ၇၁၃ ဧက စုစုပေါင်း ၁၆၃၄၁ ဒသမ ၀၁၇ ဧကပြန်လည်လွှဲပြောင်း ပေးအပ်ပြီးဖြစ်သည်။**

၎င်းအပြင် စိစစ်ဆဲအမှုများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တောင်သူများထံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တံတားဦးမြို့နယ် ဉယျာဉ်ကျေးရွာသို့သွားရောက်ပြီး ရွှေဉယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တ သုမင်္ဂလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတအား ကျောင်းဝင်းအတွင်းရှိ အသောကဓမ္မာရုံ၌ တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တို့အတွင်း နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေဖြင့်ကျေးလက်မီးလင်းရေး ဆောင်ရွက်ခဲ့မှုတို့ကိုလည်းကောင်း၊ ရတနာပုံတယ်လီပို့မှ အင်ဂျင်နီယာ ဦးမောင်မောင်လွင်က ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက ရေရှည်တည်တံ့ခိုင်မြဲသည့် ကျေးရွာမီးရရှိရေးစနစ်ဖြစ်စေရန် လိုအပ်ချက်အားလုံးကို ဘက်စုံထည့်သွင်းစဉ်းစား စီမံဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျေးရွာအတွင်း ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ထားရှိမှု၊ ဉယျာဉ်ကျေးရွာနှင့် ကျီးပင်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် သဗ္ဗသုခ မေတ္တာကြိုးတံတားတို့ကို ကြည့်ရှုပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တို့အတွင်း ကျေးရွာပေါင်း ၁၃၃ ရွာအား မီးလင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်း ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိကျင်းပမည့် မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ ပြိုင်ပွဲအတွက် ကြိုတင် ခင်းကျင်းထားရှိမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ခံ ညွှန်ကြားရေးမှူးတို့က အားကစားကွင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက အားကစားကွင်းကြီး ရေရှည်တည်တံ့ ကောင်းမွန်ရေး၊ ပြည်သူလူထုအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း အမြန်ဆုံး ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ပေးသင့်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ရေး သဝဏ်လွှာနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရာတွင် နိုင်ငံတော်သမ္မတက ပေးပို့လာသောသဝဏ်လွှာပါ အကြောင်းအရာများသည် အချက်အလက်ပြည့်စုံပြီး အမျိုးသားပညာရေး အဆင့်အတန်းမြင့်မားတိုးတက်ရေးကို မထိခိုက်စေသည့်အပြင် အေးချမ်းစွာပညာသင်ကြားရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာအထောက်အကူပြုနိုင်ပါသဖြင့်တောင်းဆိုချက်ပါ အချက်အလက်များကို ဖြည့်စွက်ပြီး ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်အဖြစ် ရေးဆွဲရန် လိုအပ်ကြောင်း။

ယင်းဥပဒေသည် ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ရက်ကတည်းက ဥပဒေအဖြစ် တရားဝင်တည်ရှိနေပြီးဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပြန်လည်သုံးသပ်ခြင်းထက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုပြုစုကာ ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာပေးပို့ပါက ပြည်ထောင်စုလွှတ်တော်ကလည်းအမြန်ဆုံးညှိနှိုင်းပြင်ဆင်ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ပါရှိသည်။

ယင်းနောက် နာယကက နိုင်ငံတော်သမ္မတ ဦးဆောင်သော (၆)ဦးအဖွဲ့တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် ပြည်ထောင်စုလွှတ်တော် နာယက၏ ပြန်ကြားချက်သဝဏ်လွှာနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ယင်းသဝဏ်လွှာ၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် အရေးကြီးအဆိုတွင် ခေတ်စနစ်၊ အချိန်အခါအခြေအနေနှင့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဆောလျင်စွာတွေ့ဆုံညှိနှိုင်းဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းခြင်းဖြစ်ပါကြောင်း။

အဆိုတွင်ပါရှိသည့်အတိုင်း ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ ဦးဆောင်သော (၆)ဦးအဖွဲ့ ဆောလျင်စွာတွေ့ဆုံဆွေးနွေးခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက်လည်းကောင်း ပိုမိုကောင်းမွန်သော အကျိုးရလဒ်များ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပထမအကြိမ် တွေ့ဆုံပြီးဆွေးနွေးပွဲမှုဘောင် အပါအဝင် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းသတ်မှတ်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့်(၆)ဦးအဖွဲ့ တွေ့ဆုံရေးကို ဆောလျင်စွာ ပြုလုပ်ရန် လိုအပ်ပါကြောင်းဖြင့်ပါရှိသည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ် ၃ နှင့် ၄ ၊ အပိုဒ်၅ ပါ ပုဒ်မ ၁၂ တို့ကို ဆန္ဒမဲစနစ်ဖြင့် အတည်ပြုရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း၊ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (ထ)၊ အပိုဒ် ၃ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၂၈ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် အတိုင်းလည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ အပိုဒ် ၆ အပိုဒ်ခွဲ (စ)၊ အပိုဒ်ခွဲ (ည)၊ အပိုဒ်၁၀ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ် (၄)နှင့် အပိုဒ် ၃၁ တို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၆) နှင့် အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ် (၃)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ပြင်ဆင်ချက်အတိုင်းလည်းကောင်း ပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်းဖြင့်ပါရှိသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာဖော်ပြပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

- ♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
- ♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
- ♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် **mmpresscouncil@gmail.com**



# စာကြည့်တိုက်သုံးစွဲသူများထံသို့ စာကြည့်တိုက်ရောက်လာခြင်း

**ရိုရိုထွေး**

ပြည်သူများ အသိဉာဏ်ပညာ မြင့်မားခြင်း၊ အတွေးအခေါ် အယူအဆ မြင့်မားခြင်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း ကောင်းမွန်မှုသာ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စီးပွားရေးများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပေမည်။ တစ်ဦးချင်း၏ စွမ်းဆောင်နိုင်ခြေ မြင့်မားလာခြင်းမှ လူ့အဖွဲ့အစည်းတစ်ရပ်လုံး စွမ်းဆောင်နိုင်ခြေမြင့်မားလာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

တစ်ဦးတစ်ယောက်ချင်း၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို စာဖတ်ခြင်းဖြင့် လေ့ကျင့်ယူနိုင်ပါသည်။ စာအုပ်များသည် လူတို့၏အတွေးအခေါ်၊ အတွေ့အကြုံများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် စာအုပ်များသည် ခေတ်အဆက်ဆက်မှ၊ နေရာဒေသအသီးသီးမှ လူအမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုး၏ မှတ်တမ်းများပင်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် သမိုင်းကိုသိနိုင်သည်။ သမိုင်းကိုသိခြင်းဖြင့် ကောင်းမွန်လှပသော အနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်သည်။ စာဖတ်ခြင်းအလေ့အကျင့်သည် အလွန်အရေးကြီးနေပြီ။ မဖတ်၍ မဖြစ်တော့ပေ။ ယခင်က မိမိစိတ်ဝင်စားရာနယ်ပယ်သည် ကိုယ့်ရပ်ရွာပြည်တွင်းမျှသာဖြစ်နိုင်ပြီး ယနေ့ခေတ်လောက် မကျယ်ပြန့်နိုင်သေးပေ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် လူမှုရေးရာကိစ္စရပ်များမှာ မြားမြောင်ရှုပ်ထွေးလှသည်။ နည်းပညာတိုးတက်မှုများ လျင်မြန်မြန်ဆန်လှသည်။ စာမဖတ်၍ မဖြစ်၊ အခြားနိုင်ငံများ၊ အခြားသူများတွင် ဖြစ်နေသောအကြောင်းအရာကိစ္စရပ်များသည် မိမိတို့နှင့် တစ်နည်းနည်းဆက်သွယ်နေတတ်သဖြင့် အမှားအမှန်ခွဲခြားနိုင်ရေး၊ ဆင်ခြင်သုံးသပ်နိုင်ရေးအတွက် စာအုပ်များ၏ အကူအညီယူရမည်မှာ မလွဲပင်ဖြစ်သည်။

ယင်းသို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက်သာမက ကိုယ်ကျင့်တရား တည်ကြည်လေးနက်လာစေရန်၊ စိတ်အပန်းဖြေစေရန်၊ စိတ်ဓာတ်ရင့်ကျက်စေရန်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို နားလည်သဘောပေါက်ရန်အတွက်လည်း စာဖတ်ရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို နားလည်မှ တန်ဖိုးထားတတ်မည်ဖြစ်ပြီး တန်ဖိုးထားပါမှလည်း ယင်းတို့ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြမည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်း လူတိုင်းအတွက် စာဖတ်ခြင်းသည် အရေးကြီးပေသည်။

ပြည်သူပြည်သားများ အသိပညာဖွံ့ဖြိုးရန်၊ ဉာဏ်ရည် ဉာဏ်သွေးထက်မြက်ရန်၊ စိတ်ဓာတ်ရင့်သန်ရန်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားစေရန် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေမည့် ပတ်ဝန်းကျင်ကောင်းများ များသထက်များအောင် ဖန်တီးပေးရန်လိုအပ်ပေသည်။ ယင်းပတ်ဝန်းကျင်ကောင်းများသည် စာကြည့်တိုက်များပင်ဖြစ်ပါသည်။ စာကြည့်တိုက်ဟူသည် လိုချင်သော အကြောင်းအရာအချက်အလက် ရရှိနိုင်သောနေရာ၊ စိတ်အပန်းဖြေနိုင်သောနေရာဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ပြည်သူပြည်သား၊ လူငယ်လူရွယ် လူတန်းစားအလွှာမရွေး လွတ်လပ်စွာစာပေလေ့လာနိုင်သော စာကြည့်တိုက်များ များများဖွင့်ပေးရန် လိုအပ်ပေသည်။ အမျိုးသား စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ကလေးစာကြည့်တိုက် စသည်ဖြင့် စာကြည့်တိုက်အမျိုးအစားအမျိုးမျိုးရှိပါသည်။ စာကြည့်တိုက် အမျိုးအစားအလိုက် သဘောသဘာဝခြားနားမှုရှိသော်လည်း အခြေခံရည်ရွယ်ချက်မှာ စာဖတ်သူကို ထိရောက်သော ဝန်ဆောင်မှုပေးရန်ပင်ဖြစ်သည်။

ကလေးစာကြည့်တိုက်သည် ကလေးများငယ်စဉ်မှစ၍ စာကြည့်တိုက်နှင့် ရင်းနှီးအောင်၊ စာအုပ်များနှင့်ရင်းနှီးအောင် စာဖတ်အလေ့အကျင့်ရရှိအောင် ပျိုးထောင်ပေးခြင်းဖြစ်သည်။ ကလေးစာကြည့်တိုက်တွင် ကလေးများစိတ်ဝင်စားသည့် ကလေးဂျာနယ်များ၊ ပုံပြင်၊ ကာတွန်း၊ ဉာဏ်စမ်းပဟေဠိ၊ သင်ကြားရေးအထောက်အကူပြုစာအုပ်များ ထားရှိပေးသည်။ ကလေးများ လွတ်လပ်ပျော်ရွှင်စွာ စာဖတ်နိုင်အောင်စီစဉ်ထားပေးသည်။ ကလေးများကိုငယ်စဉ်မှပင် စာကြည့်တိုက်နှင့် ရင်းနှီးစေခြင်း၊ စာဖတ်အလေ့အကျင့် ပျိုးထောင်ထားပေးခြင်းဖြင့် ယင်းကလေးများကြီးပြင်းလာသောအခါ စာဖတ်ဝါသနာစွဲမြဲနေမည်ဖြစ်သည်။ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များသည် တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများနှင့် သုတေသီပညာရှင်များအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းတွင်ပို့ချသည့် ဘာသာရပ်များနှင့် ဆက်စပ်ဘာသာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်စေမည့် စာအုပ်စာတမ်းများ၊ လူငယ်လူရွယ်များ၊ အတွေးအခေါ် အယူအဆနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေမည့် စိတ်ဓာတ်ရင့်သန်စေမည့် စာအုပ်စာတမ်းများ၊ သုတေသီပညာရှင်များ ရည်ညွှန်းကိုးကားနိုင်မည့် စာအုပ်စာတမ်းများ အဓိကထားစုဆောင်းပါသည်။ ပြည်သူ့စာကြည့်တိုက်သည် ပြည်သူများဗဟုသုတရရှိစေမည့် အသိပညာတိုးတက်မြင့်မားစေမည့် စာအုပ်စာတမ်း အမျိုးအစားစုံလင်စွာ စုဆောင်းထားရှိသည်။

အမျိုးသားစာကြည့်တိုက်သည် အခြားစာကြည့်တိုက်များနှင့် ကွဲပြားချက်မှာ နိုင်ငံအတွင်းထုတ်ဝေသမျှ စာအုပ်စာတမ်း အားလုံးစုံလင်အောင် စုဆောင်းခြင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာမှ ရေးသားထုတ်ဝေသော စာအုပ်စာတမ်းများကိုလည်း စုဆောင်းထားရှိခြင်းဖြစ်သည်။ ထို့ပြင် ယင်းစုဆောင်းထားရှိသော စာအုပ်စာတမ်းများကို မပျောက်မပျက်အောင်အထူးတလည် ထိန်းသိမ်းရသည်။ ထို့ကြောင့် အခြားစာကြည့်တိုက်များတွင်မရနိုင်သော စာအုပ်စာတမ်းများ၊ ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော မြန်မာ့သမိုင်း၊ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ လက်ရေးစာများရရှိနိုင်သော စာကြည့်တိုက်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်သည် မြန်မာစာပေ၊ မြန်မာသမိုင်း၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ သုတေသီများအသုံးများသော်လည်း ပြည်သူပြည်သားအားလုံး ပညာအဆင့်အတန်း အသက်အရွယ်မရွေး မည်သူမဆို လွတ်လပ်စွာလေ့လာဖတ်ရှုနိုင်သော စာကြည့်တိုက်ဖြစ်သည်။

သုတေသီများအတွက် လိုအပ်သော ရည်ညွှန်းအထောက်အထားများ ရရှိနိုင်သကဲ့သို့ ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ရဟန်းသံဃာများ လေ့လာဖတ်ရှုလိုသော စာအုပ်စာတမ်းများအားလုံးအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်များသည် စာအုပ်စာတမ်းစုံလင်အောင်စုဆောင်း၍ စာကြည့်တိုက်သို့ လာသောသူများကို ဝန်ဆောင်မှုပေးရုံဖြင့် တာဝန်မကျေတော့ပါ။ ပြည်သူများစာကြည့်တိုက်ကို အသုံးပြုလိုစိတ်ရှိလာအောင်၊ စာဖတ်ချင်လာအောင် စည်းရုံးရန်၊ စာကြည့်တိုက်ကို စိတ်ဝင်စားအောင်၊ အလိုရှိသော အကြောင်းအရာ အချက်အလက်များကို စာကြည့်တိုက်တွင်ရှာဖွေရရှိနိုင်အောင်၊ စာဖတ်ရှိန်မြှင့်တင်ရေးများကို အလေးထားဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ ယင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများ အလွယ်တကူ သွားလာဝင်ထွက်နိုင်ပြီး ပိုမိုသက်သောင့်သက်သာဖတ်ရှုလေ့လာနိုင်ရန် အမျိုးသားစာကြည့်တိုက်ခွဲ (ရန်ကုန်)ကို ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)တွင် ဖွင့်လှစ်ထားသည်။

ကလေးများ လွတ်လပ်ပျော်ရွှင်စွာဖတ်ရှုနိုင်ရန် ကလေးများအကြိုက်ကာတွန်း၊ ပုံပြင်စာအုပ်များ၊ လွယ်ကူစွာလေ့လာနိုင်သည့် အင်္ဂလိပ်ပုံပြင်စာအုပ်များ၊ ပုံဆွဲစာအုပ်များကိုလည်းကလေးများအတွက် သီးခြားပြင်ဆင်ပေးထားပါသည်။ ယင်းတည်နေရာသည် လူစည်ကားသော တော်ဝင်စင်တာ၊ စိန်ဂေဟာတို့နှင့်လည်းကောင်း၊ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ဒဂုံနှင့် နီးသောကြောင့် ကျောင်းသားကျောင်းသူများနှင့် ပြည်သူအများ ပိုမိုလာရောက်နိုင်သောနေရာဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာကြည့်တိုက်သုံးစွဲသူများထံသို့ စာကြည့်တိုက်ရောက်လာခြင်းပင် ဖြစ်ပါသည်။

## ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ဝေးလံခက်ခဲဒေသနှင့် နယ်စပ်ဒေသများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း (ပထမအကြိမ်)နှင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ လူထုအခြေပြုကာကွယ်ဆေးထိုးခြင်းလုပ်ငန်း (ဒုတိယအကြိမ်) အဖြစ် အသက် (၉)လမှ အသက် (၁၅)နှစ်အရွယ်ထိ ကလေးငယ်အားလုံးကို ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို တောင်ပေါ်မြေပြန့် ကွာဟခြားနားမှုမရှိဘဲ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဌာနဆိုင်ရာများ၊ တပ်မတော်နှင့် လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝမ်၊ ပြည်နယ်ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ခံအဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာထွန်းမင်းခိုင်၊ UNICEF မှ ကျန်းမာရေးအထူးအရာရှိ ဒေါက်တာတင်ထွဋ်တို့သည် မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် နန်ပေါင်လေယာဉ်ကွင်းတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကာကွယ်ဆေးများကို ဝေးလံခက်ခဲဒေသနှင့် နယ်စပ်ဒေသများသို့ ပို့ပေးရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာန အအေးခန်းမှ ကာကွယ်ဆေးများ ထုတ်ယူလာမှု၊ ကောင်းမွန်သော အအေးလမ်းကြောင်းစနစ်ဖြင့် သယ်ယူပို့ဆောင်မှု အခြေအနေ၊ လေလွင့်ပျက်စီးဆုံးရှုံးမှုနည်းပါးရေး၊ အကျုံးဝင်ကလေးများအားလုံး ကာကွယ်ဆေးထိုးနှံနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားနိုင်ရေးများ ဆောင်ရွက်ထားရှိသည့်အစီအစဉ်များ၊ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝမ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် ကာကွယ်ဆေးများ တင်ဆောင်ထားသော တပ်မတော်ရဟတ်ယာဉ်ဖြင့် ပူတာအို၊ နောင်မွန်၊ ခေါင်လန်ဖူး၊ ချီဖွေ၊ ဆော့လော်၊ ဆွမ်ပရာဘွမ်မြို့နယ်များသို့လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ နန့်ယွန်း၊ ပန်ဆောင်မြို့များသို့လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။

အလားတူ ကချင်ပြည်နယ်တစ်ဝန်း ကျောင်းအခြေပြုဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကျောင်းပေါင်း ၁၁၅၆ ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၂၉၄၀၆၈ ဦးကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးပေးမည့် အဖွဲ့ပေါင်း ၄၀၂ ဖွဲ့ဖြင့် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်ပြုံးမြင့်)**

## ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက် စတင်ထိုးနှံ

**ကြံခင်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကာကွယ်ဆေး စတင်ထိုးနှံခြင်းအခမ်းအနားအားဖွင့်လှစ်ပေးပြီး ပထမအဆင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်အဖြစ် အသက် (၅) နှစ်မှ (၁၅)နှစ်အထိ ကလေးငယ် ကျောင်းသား ကျောင်းသူများအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။ ဒုတိယအဆင့် ပြည်သူလူထုအခြေပြု အစီအစဉ်အနေဖြင့် အသက် ကိုးလမှ (၅) နှစ်အထိ ကလေးငယ်များအား ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မသူ(ပြန်/ဆက်)**

## ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂)အတွက် လျှောက်လွှာများ လက်ခံခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂)အတွက် လျှောက်လွှာများအား ၃-၁-၂၀၁၅ရက်နေ့မှစတင်၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၃-၂-၂၀၁၅ ရက်တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသည်။ အမျိုးသမီးဗိုလ်လောင်းလျှောက်ထားလိုသူများအနေဖြင့် တိုင်းစစ်ဌာနချုပ်များ၌ ထုတ်ယူရရှိနိုင်ပြီး လျှောက်လွှာပိတ်ရက် မတိုင်မီ ပြန်လည်တင်သွင်းကြရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ၃-၁-၂၀၁၅ ရက်မှ ၅-၁-၂၀၁၅ ရက်အထိ နေ့စဉ်ထုတ် မြဝတီ၊ ရတနာပုံ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ဖတ်ရှုနိုင်ပြီး ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁၊ ၀၁၆-၃၀၃၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များတွင် အကျဉ်းသား၊ အချုပ်သားများ စားသုံးရန် လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်နယ်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ ၃၀-၁-၂၀၁၅ ရက်၊ ၁၄း၀၀ နာရီဖြစ်ပါသည်။
၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၂၅-၁-၂၀၁၅မှ ၃၀-၁-၂၀၁၅ ရက်ထိ ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ၀၄၃-၂၁၀၄၀၊ ၀၄၃-၂၃၄၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၄။ ပေးသွင်းလိုသူများသည် ရခိုင်ပြည်နယ်အတွင်းမှ ဆန်ကုန်သည်များသာ တင်သွင်းခွင့်ရှိသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
**အကျဉ်းဦးစီးဌာန**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စက်မှုဇုန်မှ စွန့်ပစ်ရေများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ တမူး မဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **"သက်ပြည့်အငြိမ်းစားယူရသည့် အချိန်ထက် ကျော်လွန်တာဝန် ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ကျော်လွန်တာဝန် ထမ်းဆောင်ခဲ့သော ကာလ၏ လစာငွေ ပြန်လည်ပေးသွင်းခိုင်းခြင်းကို ကင်းလွတ်ခွင့်ပေးရန်နှင့်ယင်းဝန်ထမ်းများအတွက် မည်သို့သော သက်သာခွင့်များပေးရန် ဆောင်ရွက်နေသည်ကို သိလိုခြင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ရှင်းလင်းဖြေကြားရာတွင် အမှုထမ်းသက်စာအုပ် ပြန်လည်စစ်ဆေးခြင်းကြောင့် သက်ပြည့်အငြိမ်းစားယူရမည့် အချိန်ထက် ကျော်လွန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိသည့် လစာများကို ပြန်လည်ပေးသွင်းခိုင်းသည်ဆိုသည်မှာ မှန်ကန်ကြောင်းကို ပညာရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားထားပါကြောင်း။

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ နည်းဥပဒေ (၂၃၀) တွင် ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်း အသက်(၆၀) နှစ်ပြည့်သည့် နေ့ရက်ဖြစ်ကြောင်းနှင့် နည်းဥပဒေ ၂၃၃ (က)တွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့်ကိစ္စမှတစ်ပါး အသက်(၆၀)နှစ်ပြည့်သောအခါသတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသဖြင့် ဝန်ထမ်းတစ်ဦးသည် အသက်(၆၀)နှစ်ပြည့်သည့်အချိန်၌ သက်ပြည့်ပင်စင် ခံစားရမည်ဖြစ်ပါကြောင်း။

အငြိမ်းစားယူရမည့်နေ့ထက်ကျော်လွန်၍ တာဝန်ထမ်းဆောင်ပြီးမှ သက်ပြည့်အငြိမ်းစားပေးရသည့် ဝန်ထမ်းများသည် အသက် (၆၀) နှစ်ထက်ကျော်လွန်၍ ဆောင်ရွက်ခဲ့သည့် ကာလအတွက် ထုတ်ယူပြီးသော လစာ၊ စရိတ်ငွေများကို ပိုပေးမိသောငွေများအဖြစ် ပြန်လည်ပေးသွင်းရ၍ ထိခိုက်နစ်နာမှုမျိုး မပေါ်ပေါက်စေရန် ဌာနအဖွဲ့အစည်းများအနေဖြင့် ရှေ့လာမည့် ပြက္ခဒိန်နှစ်အတွင်း သက်ပြည့်အငြိမ်းစားယူရမည့် ဝန်ထမ်းများ၏ စာရင်းကို နှစ်စဉ်ရေးဆွဲပြုစု၍ သက်ဆိုင်ရာဝန်ထမ်းများသို့သက်ပြည့်အငြိမ်းစားယူရမည့်နေ့ မတိုင်မီအနည်းဆုံးခြောက်လကြိုတင် အကြောင်းကြားထားနိုင်ရေး စီစဉ်ပြုလုပ်ထားရန် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနက ၂၅-၅-၁၉၈၂ ရက်စွဲပါ စာအမှတ်၊ ဘ- ၂ (၄) /၇ (၆) ၈၂ ဖြင့် ဝန်ကြီးဌာနများအားလုံးသို့ အကြောင်းကြားခဲ့ပါကြောင်း။

အငြိမ်းစားဝန်ထမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေများပါ နည်းဥပဒေ ၂၅၂ (ဈ) တွင် အငြိမ်းစားယူပြီးနောက် ဥပဒေအရ ခံစားခွင့်ရှိသည့် ပင်စင်လစာထက် ပိုမိုထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိပါက ပင်စင်စားအား ပြန်လည်ပေးသွင်းစေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်က တရားဝင်သတ်မှတ်ထားသည့် ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့် ရက်ထက်ကျော်လွန်၍ တရားမဝင် ဆက်လက်အမှုထမ်းဆောင်လိုသဖြင့် ကိုယ်ရေးအချက်အလက်များအား မရိုးသားသော နည်းဖြင့် ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ပိုမိုထုတ်ယူထားသော လစာများကို ပြန်လည်ပေးသွင်းစေခြင်းသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှု မရှိစေရန် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ မွေးသက္ကရာဇ်အား ပြန်လည်စိစစ်ရာ၌ ပြင်ဆင်ထားခြင်း တွေ့ရှိရပါက စိစစ်တွေ့ရှိချိန်မှစ၍ အငြိမ်းစားယူစေခဲ့ပြီး ကျော်လွန် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလ၏ လစာငွေကို ပြန်လည်ပေးသွင်းစေခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားခဲ့သည်။



ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။



တမူး မဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ။

ယင်းနောက် မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၏ **"စက်ရုံများမှ ထွက်ရှိသော ရေဆိုးများအား အတ္တရံမြစ်အတွင်းသို့ စွန့်ထုတ်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အား ထိခိုက်မှု ရှိ မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က မော်လမြိုင်စက်မှုဇုန်တွင် စက်ရုံပေါင်း (၁၅၇) ရုံရှိပြီး လက်ရှိတွင် (၁၁၇) ရုံ လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအသုံးပြုလည်ပတ်သော စက်ရုံများအနေဖြင့် ရေခဲစက်ရုံ(၃) ရုံ၊ ရော်ဘာကြိတ်စက်ရုံ(၂) ရုံ၊ ခနောက်စိမ်းသတ္တုရိုင်းကြိတ်ခွဲစက်ရုံ (၁)ရုံနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်သည့် Recycle စက္ကူစက်ရုံ (၃) ရုံ စုစုပေါင်း (၉) ရုံ ရှိပါကြောင်း၊ အဆိုပါ စက်ရုံများမှ ထုတ်လုပ်မှုနည်းစဉ်များအရ ထွက်ရှိလာသည့်ရေများကို လုပ်ငန်းတွင်အဆင့်ဆင့် ပြန်လည်အသုံးပြုကာ ဆေးကြော/ ပိုလျှံရေ အနည်းငယ်ကိုသာ စွန့်ပစ်ရပါကြောင်း၊ ထိုစွန့်ပစ်ရေများကို ရေကန်အဆင့်ဆင့်ဖြင့်စစ်၍ Treatment ပြုလုပ်ပြီး ပိုက်ဖြင့် သွယ်တန်း၍စက်မှုဇုန်အတွင်းရှိ သတ်မှတ်ထားသော မြောင်းအတွင်းသို့ ထုတ်လွှတ်ခြင်းဖြစ်ပြီး ယင်းမြောင်းမှ တစ်ဆင့်စက်မှုဇုန်ဧရိယာအပြင်ဘက်ရှိ လယ်မြေများအနီး မြေနိမ့်ပိုင်းသို့ ရောက်ရှိပါကြောင်း၊ စက်မှုဇုန်မှ ထွက်ရှိသော ရေများကို အတ္တရံမြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်း မရှိပါကြောင်း။

မော်လမြိုင်စက်မှုဇုန်သည် အတ္တရံမြစ်နှင့် ပေ ၁၈၀၀ ခန့်ကွာဝေးပြီး စက်မှုဇုန်နှင့် အတ္တရံမြစ်အကြားတွင် စပါးစိုက်ပျိုးလျက်ရှိသည့် လယ်မြေများ တည်ရှိပါကြောင်း၊ အဆိုပါလယ်မြေများတွင် စိုက်ပျိုးထားသော စပါးများမှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လက်ရှိအခြေအနေတွင် စက်မှုဇုန်မှ စွန့်ပစ်ရေများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသည့် ထိခိုက်မှု မရှိပါကြောင်း၊ မော်လမြိုင်စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အသေးစား၊ အလတ်စားလုပ်ငန်းများသာဖြစ်ပြီး စက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မည့် လုပ်ငန်းများရှိပါက Environmental Impact Assessment (EIA) , Social Impact Assessment(SIA)များစစ်ဆေးဆောင်ရွက်ပြီးမှသာ ခွင့်ပြုဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ **စာမျက်နှာ ၈ သို့** ◆

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကျောက်စာချပ်များအား မူလတန်ဖိုး မပျက်စီးစေရန် ထုံး၊ ဆေးရောင်သုတ်ခြင်း၊ ရွှေရေးမင်ရေးခြင်း ခွင့်မပြု

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမှတ်ကြီး၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများကို ပေးလျော်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် လမ်းနယ်အကျယ် ပေ ၄၀၀ ရှိပြီး (၃၆၆)မိုင် (၃) ဖာလုံ ရှည်လျားပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းနယ်မြေအဖြစ် သိမ်းသွင်းသတ်မှတ်နိုင်ရေးအတွက် အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ် (၂၁)မြို့နယ်ရှိ လမ်းနယ်အတွင်း ပါဝင်သွားခဲ့သည့် မြေအမျိုးအစားနှင့် ပိုင်ဆိုင်သူများ စာရင်းတွင် သက်ဆိုင်ရာမြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီများနှင့် သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနများမှ စိစစ်ပေးမှုအရ စုစုပေါင်း (၁၃၄၇၁ ဒသမ ၃၉)ဧကဖြစ်ပါကြောင်း။



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောမော်ထွန်း။



ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ။

အဆိုပါ မြေဧရိယာများအနက် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ (၃)၏ အစီရင်ခံစာအပိုင်း(၃)ဖြင့် စိစစ်မှုအရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် (၁၄၈၅ ဒသမ ၈၄၁) သန်းဖြင့် တောင်သူ (၉၇၆)ဦး၏ လယ်ယာမြေ (၂၄၀၂ ဒသမ ၇၅) ဧကကို ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေ ကျပ် (၁၃၀၆ ဒသမ ၃၄၄) သန်းအနက် ကျပ် (၁၁၈၂ ဒသမ ၃၃၂၅) သန်းဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်(၄)မြို့နယ်ရှိ တောင်သူ ၇၉၇ ဦး၏ လယ်ယာမြေဧက (၁၈၆၄ ဒသမ ၀၄) ဧကအတွက် လျော်ကြေးငွေ ပေးလျော်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်ရှိသည့် ရန်ပုံငွေကျပ် (၁၂၄ ဒသမ ၀၁၁၅) သန်းကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပေးလျော်ရမည့် လယ်မြေများကို တိုင်းတာစစ်ဆေးညှိနှိုင်းလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုပြီးပါက ပေးလျော်သွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော လယ်ယာမြေများအတွက် လျော်ကြေးငွေ ပေးချေနိုင်ရန် မြေအမျိုးအစားများ စာရင်းနှင့် ပိုင်ဆိုင်သူများစာရင်းအား အတည်ပြုနိုင်ရန်နှင့် သင့်လျော်သော နစ်နာကြေးနှုန်းထားအား သတ်မှတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များထံသို့သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်ထားဆဲဖြစ်ပါကြောင်း၊ စာရင်းဇယားများရရှိပါက ပေးလျော်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း (၁၀၀၀၀)အား တိုင်းဒေသကြီးသုံးခုနှင့် နေပြည်တော်ကောင်စီတို့အတွက် လျာထားတင်ပြ တောင်းခံထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောမော်ထွန်း၏ **"ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး ကျောက်ထက်အက္ခရာများကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်မည့် အစီအစဉ်နှင့် အလှူရှင်များရှိပါက ရွှေရေး၊ မင်ရေးတို့ဖြင့် ပူဇော်လှူဒါန်းခွင့် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ထိုကျောက်စာများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များပူးပေါင်း၍ ပထမအဆင့်အနေဖြင့်မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ရေးသားထားသော ပဌမသင်္ဂါယနာတင်ခြင်းဆိုင်ရာ သမိုင်းမှတ်တမ်း အချက်အလက်များကို လေ့လာပြီး မင်းတုန်းမင်းလက်ထက် အခြေအနေကို လေ့လာရန်၊ ဒုတိယအဆင့်အနေဖြင့် ကျောက်စာချပ်များကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ မင်ပြန်ထပ်ခြင်းနှင့် အရည်အသွေးမြင့် ဒစ်ဂျစ်တယ်ဓာတ်ပုံရိုက်ကူး၍ မြန်မာ ပါဠိဘာသာများမှ ရိုမန်အက္ခရာ ဖလှယ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ အချက်အလက်စုဆောင်း ထိန်းသိမ်းပြီး Online မှတစ်ဆင့် ကမ္ဘာ့အနှံ့သို့ တင်ပြသွားရန်နှင့် တတိယအဆင့်အနေဖြင့် အရည်အသွေးမြင့် ကျောက်စာဓာတ်ပုံများကို ပုံနှိပ်ထုတ်ဝေခြင်းဆောင်ရွက်ရန် စသည့်အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း။

တချို့နေရာဒေသများတွင် ခေါင်းလောင်း၊ ကြေးစည်နှင့် ကျောက်စာများ၏ ယဉ်ကျေးမှုတန်ဖိုးကို မသိရှိဘဲ correction pen၊ မီးသွေးခဲ၊ အုတ်နီခဲ စသည်တို့ဖြင့် စာများရေးခြစ်ထားခြင်းများ၊ မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားအရ ရွှေသင်္ကန်းကပ်ခြင်း၊ ရွှေဆေးမင်ရည်သုတ်လိမ်းခြင်း၊ ထုံးသုတ်ခြင်း စသည်တို့ကြောင့် စာလုံးများမှေးမှိန်သွားခြင်း၊ ထုံးသုတ်ခြင်း၊ မင်ဖျက်ဆေးရည်နှင့် ရွှေဆေးမင်ရည်တို့တွင်ပါဝင်သော ဓာတ်ပစ္စည်းများကြောင့် ယိုယွင်းခြင်းများ တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ အဆိုပါကျောက်စာချပ်များအား မူလတန်ဖိုး မပျက်စီးစေရန်အတွက် ထုံးသုတ်ခြင်း၊ ဆေးရောင်သုတ်ခြင်းများ၊ ရွှေရေးမင်ရေးများဆောင်ရွက်ခြင်းတို့ကို ခွင့်မပြုပါကြောင်းနှင့် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက မူလလက်ရာအတိုင်း မင်ပြန်ထပ်ခြင်းအတွက် လှူဒါန်းနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက **"လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** အား အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က **"ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အခြေအနေနဲ့ပတ်သက်ရင် တကယ့်နောက်ဆုံး အဆုံးအဖြတ်ပေးနိုင်တာ နိုင်ငံတော်သမ္မတ

နေပြည်တော်　　ဇန်နဝါရီ　　၂၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် CNA သတင်းဌာနအား လက်ခံတွေ့ဆုံ၍ တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးတာဝန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် တပ်မတော်၏လုပ်ငန်းတာဝန်ဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။**

**၎င်းမေးခွန်းများနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖြေကြားချက်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-**

**(ယမန်နေ့မှအဆက်)**



**CNA ။ ။ထိုင်းနိုင်ငံနဲ့ပတ်သက်ပြီး သူတို့နိုင်ငံရဲ့ အာဏာသိမ်းမှုကို ထောက်ခံခဲ့တယ်လို့သိရတယ် ဘာကြောင့်ပါလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ကျွန်တော်ပြောခဲ့တဲ့ တပ်မတော်ရဲ့ တာဝန်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ ဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေး ဆိုတဲ့နေရာမှာလည်း တိုင်းပြည်ကို လုံခြုံအောင်လုပ်ဖို့၊ နောက်ပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ် မထိခိုက်အောင် ကာကွယ်ဖို့ ဒါလည်းအကျုံးဝင်ပါတယ်။ တကယ်တော့ နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုတာ အုပ်ချုပ်တဲ့အစိုးရ၊ နောက်တစ်ခုက တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုရှိအောင်လုပ်ဖို့ဆိုတာ အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ ရဲတပ်ဖွဲ့ရဲ့တာဝန်ဖြစ်တယ်။ ဒါတွေကို မလုပ်နိုင်ဘူးဆိုရင် အဲဒီလုပ်ငန်းရပ်တွေကို ကူညီဆောင်ရွက်ပေးနိုင်တာ ခိုင်မာတဲ့အဖွဲ့အစည်းက တပ်မတော်ပဲရှိတယ်။ ဘယ်မှာပဲကြည့်ကြည့် ဒီလိုပဲသွားနေတယ်။ စောစောက ကျွန်တော်ပြောခဲ့တယ် ဒီထိုင်းနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကိစ္စပြောခဲ့တယ်။ အဲဒီတော့ထိုင်းနိုင်ငံမှာလည်း အာဏာရပါတီ၊ အာဏာရအစိုးရအနေနဲ့ သူဘယ်လောက်ပဲ တိုင်းပြည်အတွက် လုပ်လုပ် တစ်ဖက်အဖွဲ့အစည်းက သူ့ကို ကန့်ကွက်တာတွေ သွားကြုံရတယ်။ သွားကြုံရတဲ့အခါကျတော့ သူတို့နှစ်ပါတီက အတိုက်အခံနဲ့အာဏာရပါတီနဲ့က ညှိနှိုင်းတာပဲလုပ်ကြတယ်။ ဒါပေမယ့် ဘယ်လိုမှလုပ်လို့မရဘူး။ ညှိလို့မရဘူး။ ဒီထဲမှာကြားညပ်နေတာက ပြည်သူလူထုပဲ။ တပ်မတော်အနေနဲ့လည်း အဲဒီတုန်းက အတတ်နိုင်ဆုံး ညှိပေးတယ်။ နောက်ဆုံးဘယ်လိုမှ ညှိလို့မရတဲ့အခါကျမှ နိုင်ငံတော်ရဲ့အခြေအနေအရပ်ရပ်ကို သူတို့ထိန်းလိုက်တာ ဖြစ်တယ်။ ဘာသွေးထွက်သံယိုမှုမရှိဘူး။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုအရေးအခင်းတစ်ခုရှိခဲ့ဖူးတယ်။ ၁၉၈၈ ခုနှစ်က ဖြစ်တယ်။ အဲဒီတုန်းက အာဏာရပါတီဖြစ်တဲ့ စောစောကပြောတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရက တိုင်းပြည်ကိုဘယ်လိုမှ ထိန်းသိမ်းနိုင်တဲ့ အခြေအနေမရှိဘူး။ အဲဒီလို မထိန်းသိမ်းနိုင်တဲ့အခြေအနေအပြင်ကို တိုင်းပြည်အတွင်းမှာ ဆူပူမှုတွေရော အကြမ်းဖက်မှုတွေရော နောက်ဆုံး လူသတ်မှုတွေအထိဖြစ်လာတယ်။ ဒါဒီဘက်က တရားဥပဒေစိုးမိုးရေး၊ နောက်လုံခြုံရေးအပိုင်းပေါ့။ လုံခြုံရေးအပိုင်းဆိုရင်လည်း နယ်စပ်ဒေသတွေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကနေ တိုင်းပြည်ရဲ့တည်ငြိမ်အေးချမ်းမှုနဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ ထိခိုက်နိုင်မယ့်အခြေအနေမျိုးထိကို ခြိမ်းခြောက်မှုတွေရှိလာတယ်။ ဒါကြောင့် တပ်မတော်က အခြေအနေအရပ်ရပ်ကို ထိန်းပေးခဲ့တာ။ ထိုင်းနိုင်ငံရဲ့ ဖြစ်စဉ်ထက် ကျွန်တော်တို့က အများကြီးဆိုးတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံက သွေးထွက်သံယိုမှုမရှိဘဲ တိုင်းပြည်အခြေအနေကို ထိန်းသိမ်းပေးလိုက်တာ။ ပြည်သူလူထုကို အကာကွယ်ပေးတာနဲ့ အတူတူပဲ။ ဒါကြောင့် ကျွန်တော်က သူတို့လုပ်တာကို ထောက်ခံပေးတာဖြစ်တယ်။ တကယ်တော့ ဘယ်လိုပဲရိုးရိုးရှင်းရှင်းစဉ်းစားကြည့်မယ်ဆိုရင် ဒီနည်းလမ်းကလွဲလို့ရှိရင် တခြားရွေးစရာလမ်းမရှိပါဘူး။ သူတို့အနေနဲ့ ဥပဒေနဲ့အညီဖြစ်အောင် ဆက်လုပ်ဖို့တော့ လိုပါလိမ့်မယ်။

**CNA ။ ။ထိုင်းနိုင်ငံမှာ အစိုးရနဲ့အတိုက်အခံကြား ပဋိပက္ခဖြစ်တဲ့အတွက် စစ်တပ်ကအာဏာသိမ်းခဲ့တယ်။ ဒါဆို မြန်မာပြည်မှာရော အဲဒီလိုဖြစ်လာရင် ဘယ်လိုလုပ်မှာလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ကျွန်တော်တို့ ဒီလိုအခြေအနေမျိုးအထိ ကျွန်တော်တို့က လုံးဝမမျှော်လင့်ထားဘူး။ တကယ်လို့လည်း အခြေအနေအရ ဘယ်လိုမှ ဖြစ်တည်မလာဘူးဆိုရင်တော့ ဥပဒေအရ သွားရမှာပဲဖြစ်တယ်။ အဲဒီလိုဥပဒေနဲ့အညီ လုပ်ဆောင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ နားလည်မှုတော့ လိုပါတယ်။

**CNA ။ ။ထိုင်းနိုင်ငံမှာလိုပဲ မြန်မာပြည်မှာ တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်တဲ့အခါမှာ အာဏာသိမ်းဖို့ဖြစ်နိုင်သလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ မဖြစ်နိုင်ဘူး။ ဥပဒေရှိတယ်။ ဥပဒေနဲ့ပဲ သွားရမယ်။

**CNA ။ ။ မြန်မာပြည်မှာ စစ်တပ်ကအာဏာသိမ်းဖို့ မဖြစ်ဘူးလို့ ပြောတာလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လုပ်ဆောင်မယ့်အချက်အလက်တွေရှိပါတယ်။ ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်လွန်ပြီး ကျွန်တော်တို့ ဘာမှလုပ်လို့မရပါဘူး။ ကျွန်တော်တို့ တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ပါထားတာရှိတယ်။ ဒါကြောင့် အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ဆောင်ရွက်ရမှာဖြစ်တယ်။

**CNA ။ ။ အခုဆိုရင် ပြည်သူတွေက သူတို့ရဲ့ရပိုင်ခွင့်နဲ့ပတ်သက်ပြီးတော့ ဆန္ဒပြတာတွေရှိတယ်။ ပိုပြီးတော့ ကျယ်ကျယ်လောင်လောင် တောင်းဆိုလာတာတွေရှိတယ်။ အဲဒီတော့လာမယ့်ရွေးကောက်ပွဲမှာ ထိန်းသိမ်းရခက်မယ့် အခြေအနေမျိုးဖြစ်လာနိုင်တယ်။ အဲဒီလိုအခြေအနေမျိုးရောက်လာရင် ဘယ်လိုများဆောင်ရွက်မလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ကျွန်တော်တို့ကတော့ ဒီလိုမျိုးအခြေအနေဆိုးတွေမဖြစ်အောင် ထိန်းသိမ်းမှာပေါ့။ စောစောက ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်တို့က ၁၉၆၂ ခုနှစ်က နေပြီးတော့ ၂၀၁၁ ခုနှစ်မတ်လအထိ ဗဟိုချုပ်ကိုင်မှုအစိုးရကနေပြီး သွားခဲ့တဲ့အတွက်ကြောင့် ပြည်သူတွေမှာ ခံစားချက်ရှိနိုင်တယ်။ ဒီခံစားချက်တွေကို ပြောလာတဲ့အခါမှာ ကျွန်တော်တို့က ဥပဒေနဲ့အညီဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ဆောင်ရွက်ပေးနေတဲ့ကိစ္စရပ်တွေလည်းအများကြီးရှိပါတယ်။ အဓိကကတော့ ပြင်ပကနေအားပေးလှုံ့ဆော်မှုတွေ မဖြစ်ဖို့အရေးကြီးတယ်။ နောက်ပြည်သူလူထုတွေအနေနဲ့လည်း တရားဥပဒေအပေါ်မှာ အလေးထားမှုဆိုတာ လိုအပ်တယ်။ ကျွန်တော်တို့တွေက ဗုဒ္ဓဘာသာကိုးကွယ်တဲ့ လူအများစုဖြစ်ပါတယ်။ မြန်မာလူမျိုးတွေက စိတ်ရှည်သည်းခံတဲ့ အလေ့အထ၊ အလေ့အကျင့်တွေရှိပြီးသားဖြစ်တယ်။ ဒါတွေကို သေသေချာချာထိန်းသိမ်းဆောင်ရွက်သွားမယ်ဆိုရင် ဆိုးရွားတဲ့ပဋိပက္ခတွေဖြစ်မလာနိုင်ဘူးလို့ ကျွန်တော်ကတော့ထင်ပါတယ်။ ဒီလိုပဲယုံကြည်ထားတယ်။ တကယ်လို့ ဖြစ်လာရင်လည်း ဥပဒေနဲ့အညီဖြစ်အောင် သူတို့ကို စနစ်တကျထိန်းရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ နားလည်မှုပါပဲ။ နောက်တစ်ခုက ပထမဦးဆုံးပြောခဲ့တဲ့ အရေးအကြီးဆုံးအချက်ကတော့ သူတို့ကိုအပြင်ကနေပြီးတော့ အားပေးလှုံ့ဆော်မှုတွေမပြုဖို့ အရေးကြီးပါတယ်။ တချို့ကလည်း ခံစားချက်ရှိတော့ ခံစားချက်ပေါ်မှာ လှုံ့ဆော်မှုနဲ့ ပေါင်းစပ်ရင် ဒီလိုပေါက်ကွဲမှုတွေဖြစ်သွားနိုင်စရာအကြောင်းရှိပါတယ်။ ဒါတွေမဖြစ်အောင် ပြည်သူလူထုတစ်ဦးတည်းတင်မဟုတ်ဘဲ ပတ်ဝန်းကျင်အခြေအနေနဲ့ အများကြီးဆိုင်တယ်လို့ ပြောရလိမ့်မယ်။

**CNA ။ ။ အပြင်က လှုံ့ဆော်မှုဆိုတာ ဘယ်လိုမျိုးတွေကို ပြောတာပါလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အခုနကပြောတဲ့ တိုက်ရိုက်ခံစားချက်ရှိတဲ့ လူတွေမဟုတ်ဘဲ သူတို့နဲ့ မသက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက မင်းတို့လုပ်တာမှန်တယ်၊ မင်းတို့လုပ်တာ ဆက်လုပ်ရမယ်ဆိုပြီးတော့ ခံစားချက်ကို ပိုမိုပြင်းထန်အောင် လုပ်ပေးတဲ့ဟာမျိုးကိုပြောတာပါ၊ သူတို့ကိုယ်တိုင်မဟုတ်ဘူး။ သူတို့နဲ့မသက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက လုပ်ပေးတာကိုပြောတာ။

**CNA ။ ။ စောစောကပြောတဲ့ ပြင်ပလှုံ့ဆော်တဲ့ အဖွဲ့အစည်းတွေက ဘယ်လောက်အင်အားကြီးနေပါသလဲ။ ဘယ်လိုအခြေအနေမျိုးမှာ တပ်မတော်က နောက်ထပ်ခြေတစ်လှမ်းတိုးပြီး ဆောင်ရွက်မှာလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဒါကတော့ အခြေအနေပေါ်မှာ အများကြီးတည်တယ်။ ဥပမာ သူတို့ အားပေးလုပ်ဆောင်မှုက နည်းရင် နည်းတဲ့အတိုင်းအတာအလျောက် ကျွန်တော်တို့ ဖြေရှင်းရမယ်။ များရင်များတဲ့အတိုင်းအတာအလျောက်ဖြေရှင်းရမှာရှိတယ်။ ကျွန်တော်တို့မှာ ဥပဒေရှိတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်ပြီး တရားသူကြီးက စပြီးလုပ်ရတာရှိတယ်။ အုပ်ချုပ်ရေးက လုပ်ရတာရှိတယ်။ ရဲတပ်ဖွဲ့က လုပ်ရတာရှိတယ်။ ရဲတပ်ဖွဲ့က လုပ်လို့မရတာဆိုရင် တပ်မတော်ကို အကူအညီတောင်းရတာရှိတယ်။ ဒါတွေကလည်း အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာရှိတယ်။ ဒီလိုပဲ တစ်ဆင့်ပြီး တစ်ဆင့်သွားရတယ်။ မထိန်းသိမ်းနိုင်ဘူးဆိုပြီးတော့မှ ကျွန်တော်တို့က ကျော်ပြီးလုပ်လို့မရဘူး။ လုပ်နိုင်တဲ့အဖွဲ့အစည်းတွေရှိပြီးသား။ အုပ်ချုပ်ရေးအဖွဲ့အစည်းရှိတယ်။ တရားဥပဒေစိုးမိုးရေးလုပ်နေတဲ့ ရဲတပ်ဖွဲ့ရှိတယ်။ အဲဒီက နေလုပ်လို့မရဘူးဆိုမှသာ တပ်မတော်က ဆောင်ရွက်ပေးဖို့အတွက်ကို သက်ဆိုင်ရာအမိန့်ပေးပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်ကနေမှ ဆောင်ရွက်ဖို့ကို ကျွန်တော်တို့ကိုပြောမှသာ တပ်မတော်က လုပ်လို့ရမှာဖြစ်တယ်။

**CNA ။ ။ အဲဒီလိုလုပ်ဖို့က ဘယ်လိုအခြေအနေမျိုးကို ဆိုပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဘယ်လိုမှ ထိန်းမရတော့ဘူးဆိုရင်၊ အခြေအနေမျိုးရောက်လာရင် သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းမှာရှိတဲ့အစိုးရအဖွဲ့ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ တင်ပြ၊ နိုင်ငံတော်သမ္မတကနေပြီးတော့မှ ဒီနေရာတော့ တပ်က ဝင်ဖို့လိုတယ်။ တပ်မတော်က ကူညီမှုလိုတယ်ဆိုရင် တပ်မတော်ရဲ့ အကူအညီနဲ့ဝင်ပြီးတော့ ထိန်းသိမ်းရမယ်။ သူကအရေးပေါ်အခြေအနေ ကြေညာရမယ်။ အဲဒီလိုကြေညာရင် တပ်က ဥပဒေနှင့်အညီပဲ လုပ်လို့ရမယ်။ ဥပဒေနှင့်အညီ မလုပ်ရင် ကျွန်တော်တို့ ရင်ဆိုင်ရမှာ အများကြီးရှိတယ်။

**CNA ။ ။ ဒါဆိုရင် သမ္မတ ဒါမှမဟုတ် ဝန်ကြီးချုပ်တွေရဲ့ ခွင့်ပြုချက်မရဘဲနှင့် တပ်မတော်က ဝင်ရောက်စွက်ဖက်ဖို့ အစီအစဉ်မရှိဘူးလို့ ပြောချင်တာလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ သေချာတာပေါ့။ ကျွန်တော်တို့ နိုင်ငံတော်အခြေအနေနဲ့ပတ်သက်ရင် တကယ့်နောက်ဆုံး အဆုံးအဖြတ်ပေးနိုင်တာ နိုင်ငံတော်သမ္မတပဲ။ နိုင်ငံတော်သမ္မတကိုလည်း ဥပဒေအရပေးထားတဲ့ လုပ်ပိုင်ခွင့်တွေရှိတယ်။ အဲဒါကိုကျော်ပြီးတော့ လုပ်လို့မရဘူး။ ဒါ နိုင်ငံတော်သမ္မတအနေနဲ့လည်း မျိုးစုံချိန်ဆပြီးတော့မှ လုပ်လို့ရမယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ရခိုင်မှာဖြစ်ခဲ့တဲ့ အခက်အခဲတွေ၊ အကျပ်အတည်းတွေဆိုရင်၊ နောက် မိတ္ထီလာမှာ ဖြစ်ခဲ့တဲ့ အခက်အခဲအကျပ်အတည်းတွေကို ဥပဒေနဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ အဆိုးမဖြစ်ဘဲနဲ့ အဆိုးဖြစ်မယ့်အခြေအနေကနေ အကောင်းဘက်ကို ပြန်ရောက်လာတယ်။ သွားတာတော့အဆိုးဘက်သွားတာပဲ။ ဒါပေမယ့် အဆိုးဖြစ်တဲ့အခြေအနေအထိ သိပ်လွန်လွန်ကြူးကြူး ဖြစ်မသွားအောင် ရအောင်ထိန်းလိုက်တယ်။ ထိန်းပြီးတော့မှ အကောင်းဘက်ကို ပြန်ရောက်လာတယ်။ ဒါကြည့်မယ်ဆိုရင် ကျွန်တော်တို့လုပ်နေတဲ့ Process ကို မြင်နိုင်လိမ့်မယ်။

**(ဆက်လက်ဖော်ပြပါမည်)**

---

◆ **စာမျက်နှာ ၇ မှ**

ထို့နောက် မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **"မြောင်မြို့နယ် အားကစားရုံ ငွေလုံးငွေရင်းခွင့်ပြုငွေ ထပ်မံဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းမှ မြောင်မြို့နယ် အားကစားကွင်းအတွင်း Score Board နှင့် ပွဲကြည့်စင် တည်ဆောက်ခြင်းအတွက် ခွင့်ပြုငွေကျပ်သန်း ၁၀၀ အား ခွင့်ပြုလျာထားခဲ့ခြင်းအပေါ် မြောင်မြို့နယ် အားကစားကွင်း တည်ဆောက်ရေးကော်မတီမှ ခွင့်ပြုထားရှိသော Score Board နှင့် ပွဲကြည့်စင်လုပ်ငန်း နှစ်ခုအပါအဝင် အားကစားကွင်း အုတ်တံတိုင်းသုံးဖက်(၂၀၇၀)ပေ ကာရံခြင်း၊ ဂိတ်တံခါးနှင့် လက်မှတ်ရုံတည်ဆောက်ခြင်း၊ ထပ်တိုးလုပ်ငန်းများကိုပါ ခေါင်းစဉ်လွှဲပြောင်း သုံးစွဲခွင့်ပြုပါရန် တင်ပြလာပါကြောင်း။

ယင်းတင်ပြချက်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အားကစားဝန်ကြီးဌာနသို့ (၃. ၆. ၂၀၁၄) ရက်နေ့တွင် ခေါင်းစဉ်လွှဲပြောင်းမည့် လုပ်ငန်းများ၏ တွက်ချက်မှုအား တင်ပြတောင်းခံခဲ့ရာ စုစုပေါင်း ကုန်ကျငွေကျပ်သန်း (၁၀၃ ဒသမ ၁) ကုန်ကျမည်ဖြစ်ကြောင်း တင်ပြလာသည့်အတွက် မူလခွင့်ပြုငွေကျပ်သန်း (၁၀၀)ထက်ပိုနေသောကြောင့် လုပ်ငန်းတစ်ခုအားလျှော့၍ တင်ပြရန် မြောင်မြို့နယ် တည်ဆောက်ရေးကော်မတီသို့ အကြောင်းကြားခဲ့ပါကြောင်း၊ မြောင်မြို့နယ် ပွဲကြည့်စင်နှင့် Score Board တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း (၁၀၀ ဒသမ ၅၄၃) ဖြင့် ပြန်လည်တင်ပြလာခြင်းအရ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် (၂၅. ၈. ၂၀၁၄) ရက်နေ့မှစ၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ တည်ဆောက်ရေးလုပ်ငန်းများ ပြောင်းလဲရခြင်းမှာ မူလခွင့်ပြုငွေကျပ်သန်း (၁၀၀)ထက်ပိုနေသောကြောင့် တင်ပြထားသော လုပ်ငန်းများအနက်မှ ဂိတ်တံခါးနှင့် လက်မှတ်ရုံလုပ်ငန်းများအား လျှော့ချရန် မြို့နယ်အားကစားကွင်း တည်ဆောက်ရေးကော်မတီ၏ တင်ပြမှုများဖြင့် တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ တင်ဒါခေါ်ယူရာမှ ပိုလျှံငွေကျပ်သန်း (၁၀ ဒသမ ၇၁၃)အား မြောင်မြို့နယ် အားကစားကွင်း တည်ဆောက်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မြောင်အားကစားကွင်းလုပ်ငန်းနှင့် ဆက်စပ်သည့် ဂိတ်တံခါးနှင့် လက်မှတ်ရုံ ပြုလုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ထားပေးပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးချွဲယွန်ဟီးအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၂**



အဆွေတော်၏ခရီးစဉ်သည် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်၏ သမိုင်းသစ်အတွက် ခြေလှမ်းတစ်လှမ်းဖြစ်သကဲ့သို့ ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထပ်မံအားဖြည့်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ ထိတွေ့ဆက်ဆံမှုများခြင်းသည် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပါကြောင်း၊ မိမိတို့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှစ်ဦး၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်သည် တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေးခိုင်မာမှုကို ဖော်ပြပါကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့သည့် သမိုင်းကောင်းများကိုလည်း လက်ဆင့်ကမ်းအမွေပေးသွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးချွဲယွန်ဟီးအား တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးချွဲယွန်ဟီးအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့်အတူ ကိုရီးယားတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌသည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့် ဇေယျာသီရိဗိမာန်ရှေ့သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်ပြီး ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ၎င်းနှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများနှင့်မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌအား အခမ်းအနားတက်ရောက်လာကြသော တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌသည် ဇေယျာသီရိဗိမာန်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးချွဲယွန်ဟီးအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းများနီးစပ်ပြီး ရုန်းကန်ဖြတ်သန်းခဲ့ရသည့် သမိုင်းဖြစ်စဉ်များလည်းတူညီပါကြောင်း၊ ကိုရီးယားနိုင်ငံအနေဖြင့် တောင်မြောက်ပေါင်းစည်းရေးကြိုးပမ်းနေရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဓိက တိုင်းရင်းသားလူမျိုး ရှစ်ခုတို့၏ စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲရေးဆောင်ရွက်နေပါကြောင်း၊ မိမိနိုင်ငံအနေဖြင့် ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့သဖြင့် နယ်ချဲ့ကိုလိုနီဖြစ်ခဲ့ရကြောင်း၊ ယင်းသမိုင်းနှင့် နိုင်ငံတော်၏ တည်ရှိမှုပထဝီအနေအထားများကြောင့် အချုပ်အခြာအာဏာခိုင်မြဲရေး၊ လွတ်လပ်မှုအဓွန့်ရှည်တည်တံ့ရေးအတွက်ကာကွယ်ရေးစွမ်းအားများကို မြှင့်တင်နေရခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းအားမြှင့်တင်ရခြင်းသည် နိုင်ငံတော်ကာကွယ်ရေးအတွက်သာဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း၊ ဆိုးရွားသော ရာသီဥတုရှိပြီး သယံဇာတနည်းပါးသည့် ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်းမှာ နည်းပညာမြင့်မားမှုနှင့် ကြိုးစားအားထုတ်မှုတို့ကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားနိုင်ငံ၏ နည်းပညာများနှင့်ပတ်သက်၍ အကျွမ်းတဝင်ရှိခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံအပေါ်၌လည်း ယုံကြည်မှုရှိပြီး နှစ်နိုင်ငံအကြား အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်နှင့်အခွင့်အလမ်းများစွာရှိနေ၍ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန်ကြိုဆိုပါကြောင်း၊ ကိုရီးယားနိုင်ငံ ပေါင်းစည်းစေလိုသည့် ဆန္ဒများရှိသကဲ့သို့ တတ်နိုင်သည့်ဘက်မှလည်း ကူညီလိုပါကြောင်း၊ ကိုရီးယားကျွန်းဆွယ်အား နျူကလီးယားကင်းမဲ့ဇုန်ဖြစ်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားမပြန့်ပွားရေး၊ နျူကလီးယားလက်နက်များဖျက်သိမ်းရေးနှင့် နျူကလီးယားအားကမ္ဘာသူ၊ ကမ္ဘာသားတို့၏ အကျိုးပြုလုပ်ငန်းများတွင် အသုံးချနိုင်ရေးတို့အတွက် ဆန္ဒပြင်းပြစွာရှိပါကြောင်း ပြောကြားသည်။

ဧည့်သည်တော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူပါကြောင်း၊ မိမိနိုင်ငံအခက်အခဲဖြစ်စဉ်က မြန်မာနိုင်ငံ၏ကူညီခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ကိုရီးယားစစ်ပွဲကာလအတွင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ အကူအညီများစွာရယူခဲ့ရပါကြောင်း၊ ယခုမိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် ပြန်လည်ကူညီလိုပါကြောင်း၊ မြန်မာနိုင်ငံအပေါ်တွင်လည်း ယခုထက်ပိုမို၍ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံနေဖြင့် ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်လာမည်ကို ယုံကြည်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုပါကြောင်း၊ အပြန်အလှန်ပညာတော်သင်စေလွှတ်ခြင်းအပါအဝင် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးချွဲယွန်ဟီးနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ည ၇ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နေအိမ်ဝန်းအတွင်း၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့်ဇနီး၊ ကိုရီးယားတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။





ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့် ဇနီးတို့အား ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့မှ နှစ်နိုင်ငံတေးသီချင်းများ၊ အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။ **(အောက်ဝဲပုံ)**

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့်ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး သီဆိုကပြဖျော်ဖြေကြသော မြဝတီတေးဂီတအဖွဲ့မှစစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများ အသီးသီးပေးအပ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်အဖွဲ့ဝင် ၁၈၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၃ ဦးနှင့် ALLEN AND OVERY Limited မှ လေ့လာသူ နှစ်ဦး စုစုပေါင်း ၂၁၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထမြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

# အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်စစ်တမ်းကောက်ယူခြင်းအား ပြည်သူများသို့ အသိပေးခြင်း

အလုပ်သမားများ၏ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များ အခြေအနေစစ်တမ်းကို ဇန်နဝါရီ ၂၆ ရက်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၀၈ မြို့နယ်တွင် အိမ်ထောင်စု ၂၂၀၃၂ စုအား စစ်တမ်းကောက်ယူမည်ဖြစ်ပါ၍ ပြည်သူအားလုံးမှ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**



# မကွေးမြသလွန်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲနှင့် နိဗ္ဗာန်ဆိပ်ကူးတံတားဖွင့်

**မကွေး ဇန်နဝါရီ ၂၂**

မကွေးမြသလွန်စေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကေလာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးမြသလွန်စေတီတော်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော်ကြီးများထံဆက်ကပ်လှူဒါန်းပြီး ပရိတ်တရားတော်များ နာကြားခဲ့သည်။

ဆက်လက်ပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ရတနာရွှေစင်ပန်းရထားဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ထို့နောက် ဘုရားဖူးပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် နိဗ္ဗာန်ဆိပ်ကူးတံတားဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ကြယ်လိပ်အကောင် ၃၀၀ လွှတ်ပွဲကျင်းပ

**မြင်းခြံ ဇန်နဝါရီ ၂၂**

ပုဂံညောင်ဦးမြို့နယ် လောကနန္ဒာ ကြယ်လိပ်မွေးမြူရေးခြံမှ ကြယ်လိပ်အကောင် ၃၀၀ ကို ယမန်နေ့က မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ရှောက်တောရိုး ဘေးမဲ့တောတွင် သဘာဝအတိုင်းဆက်လက်မွေးမြူရန် ကြယ်လိပ်လွှတ်ပွဲကို ရှောက်တောရိုး ကြယ်လိပ်ခြံတွင် ကျင်းပသည်။

ကြယ်လိပ်များကို သဘာဝအတိုင်း မွေးမြူရန် ငါးဧကကျယ်သော ခြံသုံးခြံတွင် စတင်လွှတ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။ သဘာဝအတိုင်း ကြယ်လိပ်မွေးမြူရေးကို ယခုအကြိမ်ပါဆိုလျှင် တတိယအကြိမ်ဖြစ်သည်။ ယခင်က ခေတ်မီစက်များတပ်၍ မင်းစုံတောင်ဘေးမဲ့တောတွင်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ကြယ်လိပ်လွှတ်ပွဲကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပတ်ဝန်းကျင်ကျေးရွာမှအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**(ငွေမြင့်မောင်)**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို ပိုမိုသိရှိလိုက်နာနိုင်ကြစေရန်၊ လက်တွေ့ကျင့်သုံးနေသည့် ဥပဒေများနှင့် ကိုက်ညီစေရန်၊ အများလိုက်နာနိုင်ပြီး တရားဥပဒေစိုးမိုးရန် ရည်ရွယ်ချက်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ တိုင်ကြားစာများ စိစစ်သုံးသပ်ရေးနှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်နှင့် ဦးအောင်လှိုင်စိုးတို့က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေရည်ရွယ်ချက်များနှင့် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မိုး(MOAI)**

## သွေးသည် အသက်

# "ဒို့ကျေးရွာအလှ ရှုမဝ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဓာတ်ပုံကျွမ်းကျင်ဝန်ထမ်းများအား ဓာတ်ပုံပညာအရည်အသွေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ "ဒို့ကျေးရွာအလှ ရှုမဝ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဇဟိုပုံနှိပ်စက်ရုံခန်းမ၌ ကျင်းပသည်။

ဓာတ်ပုံပြိုင်ပွဲတွင် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ၊ မြန်မာ့ကျေးလက်သဘာဝရှုခင်းများ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ ချစ်စဖွယ်ကျေးလက်ဒေသအလှရှုခင်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအဖြစ် ဝင်ငွေတိုးကာ ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုပုံရိပ်များနှင့် ကျေးလက်ရိုးရာပွဲတော်များအကြောင်း ရိုက်ကူးပုံဖော်ထားသည့် ဓာတ်ပုံများဖြင့် ပြိုင်ပွဲဝင် ၁၂၈ ဦး၏ ပြိုင်ပွဲဝင်ဓာတ်ပုံ ၂၆၇ ပုံ ပေးပို့ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်ကြီးများက အကဲဖြတ် စိစစ်ရွေးချယ်ခဲ့ကြသည်။

အဆိုပါ ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု ဦးကျော်ခဲ(ဓာတ်ပုံကျွမ်းကျင်-၂) ထီးချိုင့်မြို့နယ်ရုံး၊ ဒုတိယဆု ဦးမင်းလွင်ဦး(ဓာတ်ပုံကျွမ်းကျင်-၂) တန့်ယန်းမြို့နယ်ရုံး၊ တတိယဆု ဦးကျော်သန်း(ဓာတ်ပုံကျွမ်းကျင်-၂) ပေါက်တောမြို့နယ်ရုံးက လည်းကောင်း၊ အထူးဆုများအဖြစ် ဦးကျော်မျိုးသီဟ(စာပေလက်ထောက်-၂) ရုံးချုပ်၊ ဦးနန်ရှင်းခိုင်(ဓာတ်ပုံကျွမ်းကျင်-၂) ရုံးချုပ်၊ ဦးစိုးမင်းဦး (ဓာတ်ပုံကျွမ်းကျင်-၂) ငါးသိုင်းချောင်းမြို့နယ်ရုံးတို့က ဆုရရှိခဲ့ကြောင်း သိရသည်။

**(ဇင်ခန့်နိုင်)**

# ချင်းပါလကအဖွဲ့ သွေးလှူ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ချင်းဗုဒ္ဓသာသန ပါလကအဖွဲ့၏ ဒါနဥပပါရမီအစီအစဉ်ဖြင့် သွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲကို ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ချင်းရဟန်းသံဃာများ၊ ချင်းဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်များ ၅၀ ခန့် လာရောက်လှူဒါန်းကြောင်း၊ အချို့မှာ သတ်မှတ်ချက်များမပြည့်မီသောကြောင့် လှူဒါန်းခွင့်မရရှိကြောင်း၊ ၂၅ ဦးခန့်သာ လှူဒါန်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ချင်းဗုဒ္ဓသာသန ပါလကအဖွဲ့၏ ပထမဆုံးအကြိမ် သွေးလှူဒါန်းပွဲဖြစ်ပြီး အလျဉ်းသင့်သလို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဝန်ဆောင်ရဟန်းတော် အရှင်နန္ဒမာလာက မိန့်ကြားသည်။ "ပထမဆုံးလုပ်ဖြစ်သွားဖို့က အဓိကပါ။ နောက်ဆို ယခုထက်ပိုမိုစနစ်ကျပြီး လူလည်းများလာမှာပါ" ဟု ဝန်ဆောင် အရှင်ဝေပုလ္လက မိန့်ကြားသည်။

"ကျွန်တော်ဆို ၃၄ ကြိမ်လှူခဲ့ဖူးပါတယ်၊ ယခုတော့ အလုပ်ဖိအားကများ၊ အိပ်ရေးက မဝ၊ သွေးပေါင်ချိန်မပြည့်လို့ လှူခွင့်မရခဲ့ပါဘူး။ ပြောချင်တာက ချင်းဗုဒ္ဓဘာသာဝင်တွေဟာ တစ်ဦးချင်းအနေနဲ့ ကုသိုလ်ကောင်းမှုတွေကို ပုံစံမျိုးစုံလုပ်ခဲ့ကြပါတယ်။ လူတွေမသိခဲ့ကြပါဘူး။ ယခုတော့ ချင်းဗုဒ္ဓသာသနာခိုင်ခံ့ဖို့ စုစုစည်းစည်းဆောင်ရွက်ဖြစ်ခဲ့ကြတာပါ"ဟု ချင်းပါလကအဖွဲ့ အတွင်းရေးမှူး ဆလိုင်းရွှေလင်းက ရှင်းပြသည်။

**(S-Kရှန်လိန်း)**



# နှစ်လုံးထီလောင်းကစားပြုလုပ်သူအား အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီက သရက်မြို့နယ် ထုံးတောင်ကျေးရွာ မြသီတာရပ်နေ မျိုးနိုင်(၃၉) နှစ်၏နေအိမ်သို့သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ မျိုးနိုင်အား နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြု သည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ ၅၀၀၅ ကျပ် တို့နှင့်အတူ ဖမ်းဆီးရမိသောကြောင့် သရက်မြို့မရဲစခန်းက(ပ)၁၁/၂၀၁၅၊လောင်းကစား ဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## အမေရိကန်အထက်လွှတ်တော်တွင် အီးမေးလ်၊ ဝက်ဘ်ဆိုက်များ သုံးစွဲမှု ပြတ်တောက်သွားခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

ဗုဒ္ဓဟူးနေ့ညနေပိုင်းက အမေရိကန်ပြည်ထောင်စုရှိအချို့သော အထက်လွှတ်တော်ရုံးခန်းများတွင် အီးမေးလ်နှင့် ဝက်ဘ်ဆိုက်များအသုံးပြု မရဘဲရှိခဲ့ခြင်းမှာ ဆက်သွယ်မှုကွန်ရက်ပြတ်တောက်မှုကြောင့်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

အထက်လွှတ်တော်အနေဖြင့် ဆက်သွယ်မှုကွန်ရက်ပြတ်တောက်မှုကြောင့် အီးမေးလ်နှင့် ဝက်ဘ်ဆိုက်များအသုံးပြုမရမှုကို လောလောဆယ် ကြုံတွေ့နေရသော်လည်း အဆက်အသွယ် ပြန်လည်ရရှိစေရန် သက်ဆိုင်ရာကျွမ်းကျင် သူများမှ ဆောင်ရွက်လျက်ရှိသည်ဟု လုံခြုံရေးအဖွဲ့မှ ဖရင့်လာကင်က ပြောကြားခဲ့သည်။ လာကင်အနေဖြင့် ဆက်သွယ်မှုပြတ်တောက်ရခြင်း၏ အကြောင်းရင်းနှင့် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဟုတ်၊ မဟုတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အီးမေးလ်သုံးစွဲမှုမှာ ညနေ ၅ နာရီမိနစ် ၂၀ ခန့်တွင် ရပ်ဆိုင်းသွားပြီး ည ၇ နာရီအထိ ရပ်ဆိုင်းလျက်ရှိကြောင်း အထက်လွှတ်တော်ဝန်ထမ်းတစ်ဦးက စီအင်အင်သို့ပြောသည်။ အချို့သော အစိုးရဝက်ဘ်ဆိုက်များမှာလည်း အလားတူ ထိခိုက်မှုများဖြစ်နေကြောင်း သိရသည်။

အမေရိကန် အောက်လွှတ်တော်နှင့် အိမ်ဖြူတော်တို့တွင်မူ ဝက်ဘ်ဆိုက်နှင့်အီးမေးလ်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(ယူပီအိုင်)**



## အာဖဂန်တွင် ချာလီဟာဘ်ဒိုမဂ္ဂဇင်းကို ဆန့်ကျင်ဆန္ဒပြ

ကဘူးလ် ဇန်နဝါရီ ၂၂

**အာဖန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်တွင် လူဦးရေ ၁၀၀ ခန့်သည် ပြင်သစ်သရော်စာ မဂ္ဂဇင်း ချာလီဟာဘ်ဒိုထုတ်ဝေသူများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပြီး တမန်တော်မိုဟာမက်ကို စော်ကားပြောဆိုသူများအဖြစ် စွပ်စွဲလျက်ရှိကြသည်။**

ဆန္ဒပြသူများသည် အနီရောင်အသည်းပုံပေါ်တွင် တမန်တော်မိုဟာမက်၏ အမည်ရေးထိုးထားသည့် စာတန်းများကိုင်ဆောင်ကာ ကြာသပတေးနေ့တွင် ကဘူးလ်မြို့ရှိ ပြင်သစ်သံရုံးနားသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ အချို့က "မိုဟာမက်ကို ချစ်မြတ်နိုးတယ်" ဟု သံပြိုင်ကြွေးကြော်ခဲ့ကြသည်။

ဆန္ဒပြပွဲစီစဉ်သူ အဗ္ဗဒူလ် ဆာဘိုးဖက်ဟီရီက ဆန္ဒပြသူများ အလိုရှိသည်မှာ ကဘူးလ်မြို့ရှိ ပြင်သစ်သံရုံးပိတ်ပစ်ရန်နှင့် မဂ္ဂဇင်းနှင့်ပတ်သက်ပြီး အာဖဂန်များ ခံစားနေရသည့် ဒေါသများ လျော့နည်းသွားစေရန် ပြင်သစ်သံအမတ်ကြီးကို နှင်ထုတ်ပစ်ရန်ဖြစ်သည်ဟု ပြောကြားသည်။

တမန်တော်မိုဟာမက်ကို လှောင်ပြောင်သရော်သည့် ကာတွန်းပုံများကြောင့် ပါရီမြို့ရှိ ချာလီဟာဘ်ဒိုမဂ္ဂဇင်းတိုက်ကို ဇန်နဝါရီ ၇ ရက်တွင် သေနတ်သမားများက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အာဖဂန်တွင် ဆန္ဒပြမှုများ ကွက်တိကွက်ကျား ဖြစ်ပေါ်ခဲ့သည်။

**အေပီ။**

## အိန္ဒိယနိုင်ငံမှ သရက်သီးတင်သွင်းမှုပိတ်ပင်ချက် ပြန်လည်ရုပ်သိမ်းရန် အီးယူသဘောတူညီ

**လန်ဒန် ဇန်နဝါရီ ၂၂**

လာမည့် သရက်သီးပေါ်ချိန်မတိုင်မီ အိန္ဒိယနိုင်ငံမှ သရက်သီးတင်သွင်းမှုအပေါ် ပိတ်ပင်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးရန် ဥရောပသမဂ္ဂ(အီးယူ)က သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံ အစိုးရအဖွဲ့အောက်ရှိ အပင်နှင့်မျိုးစေ့ဆိုင်ရာ စစ်ဆေးရေးဌာနနှင့် အိန္ဒိယစိုက်ပျိုးရေး တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် ဥရောပအပင်နှင့် မျိုးစေ့ဆိုင်ရာ စစ်ဆေးရေးကော်မတီက အိန္ဒိယနိုင်ငံမှ သရက်သီးများကို ပြန်လည်တင်သွင်းရန် မဲပေးဆုံးဖြတ်ခဲ့သည်။

အိန္ဒိယနိုင်ငံမှ တင်သွင်းသော သရက်သီးများနှင့်အတူ အပင်ဆိုင်ရာ ရောဂါပိုးမွှားတစ်မျိုးပါရှိခဲ့ပြီး ဗြိတိန်နိုင်ငံ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများ ပျက်စီးစေရန် ခြိမ်းခြောက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်ပမှ သရက်သီးတင်သွင်းမှုကို အီးယူက ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံမှ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုကို ခေတ္တပိတ်ပင်ရန် အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သော အီးယူက လွန်ခဲ့သည့်နှစ် မတ် ၂၆ ရက်တွင် အတည်ပြုခဲ့သည်။

**ပီတီအိုင်။**



## ယီမင် တင်းမာမှုလျော့ပါးသွား၊ ဆိပ်ကမ်းများပြန်ဖွင့်

**ဆာနာ ဇန်နဝါရီ ၂၂**

ယီမင်နိုင်ငံ၌ မြို့တော်ဆာနာတွင် ရက်နှင့်ချီ၍ ကြာမြင့်လျက်ရှိသော တင်းမာမှုများ လျော့ပါးသွားစေရန် မျှော်လင့်ချက်ဖြင့် ဆောင်ရွက်ရာတွင် သမ္မတ အက်ဗရပ်ဘူမန်ဆိုအာ ဟာဒီသည် ကြီးစိုးနေသော ဟော့သီအုပ်စု၏ တောင်းဆိုချက်အချို့ကို လက်သင့်ခံပြီးသည့်နောက် အာဏာပိုင်များက အေဒင်မြို့ လေဆိပ်နှင့် ဆိပ်ကမ်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ရိုက်တာက ယနေ့ဖော်ပြသည်။

မြို့တော်ဆာနာ၌ အခြေအနေ အဆိုးရွားဆုံးအထိရောက်ရှိစေသော တိုက်ပွဲများဖြစ်ပွားသည့်အခါ လုံခြုံရေးအာဏာပိုင်များက တောင်ပိုင်းဆိပ်ကမ်းမြို့အေဒင်သို့ ဖြတ်သန်းဝင်ရောက်ရာ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ကို ဗုဒ္ဓဟူးနေ့တွင် ပိတ်ထားခဲ့သည်။

နိုင်ငံ့အဖွဲ့အစည်းအားလုံး လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်စေသော သဘောတူညီချက်ရရှိသည့်အတွက် လေဆိပ်၊ ဆိပ်ကမ်းနှင့် ကုန်းလမ်းများပိတ်ဆို့ထားရန် အမိန့်ကို ပြန်လည်ရုပ်သိမ်းကြောင်း အေဒင်လုံခြုံရေးကော်မတီက ပြောကြားကြောင်း လုံခြုံရေးအာဏာပိုင်များက ပြောကြားသည်။

အေဒင်လေဆိပ်ဝန်ထမ်းများက ၎င်းတို့လုပ်ငန်းခွင်များ ပြန်လည်ဖော်ပြီးကတည်းက အီဂျစ်နိုင်ငံကိုင်ရိုမြို့မှ လေယာဉ်တစ်စင်းနှင့် နိုင်ငံအတွင်း အာဆက်မြို့မှလေယာဉ်တစ်စင်းတို့သည် လေဆိပ်သို့ ဆင်းသက်လာခဲ့ကြောင်း ပြောကြားသည်။

အေဒင်ဆိပ်ကမ်းမှ တာဝန်ရှိသူများကလည်း ၎င်းတို့လုပ်ငန်းများ ပြန်လည်စတင် လုပ်ကိုင်နေပြီဖြစ်ကြောင်း ပြောကြားသည်။

သမ္မတရုံးက ဟော့သီအုပ်စုမှ ကိုယ်စားလှယ်တစ်ဦးအပါအဝင် ထိပ်တန်းအကြံပေးများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

၎င်းကြေညာချက်တွင် အစိုးရအဖွဲ့အသီးသီးတွင် ဟော့သီမှကိုယ်စားလှယ်များ ခန့်ထားရန်နှင့် အခြေခံဥပဒေအသစ်၏ မူကြမ်းကို ပြောင်းလဲခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်ရန် သဘောတူညီခဲ့သည်ဟု ဖော်ပြထားသည်။

**ရိုက်တာ။**

## ဓားစာခံများလွတ်မြောက်ရန် ဂျပန် နည်းမျိုးစုံသုံးမည်

**ကျိုတို ဇန်နဝါရီ ၂၂**

အိုင်အက်စ်စစ်သွေးကြွများ ဖမ်းဆီးထားသော ဂျပန်ဓားစာခံနှစ်ဦးအား ပြန်လည် ကယ်ဆယ်နိုင်ရေးအတွက် ဂျပန်အစိုးရက နည်းလမ်းမျိုးစုံ သုံးမည်ဖြစ်သည်။

ဂျပန်အစိုးရအနေဖြင့် ဓားစာခံနှစ်ဦးအား ပြန်လည်ကယ်တင်နိုင်ရန် အိုင်အက်စ်အဖွဲ့များနှင့် အဆက်အသွယ်ရရှိရန် ကြိုးပမ်းနေကြောင်း ဂျပန်အစိုးရအဖွဲ့အကြီးအကဲ ယိုရှိဟိုက်ဆူဂါက ပြောသည်။ ဂျပန်အစိုးရသည် ထိုသို့အကြမ်းဖက်လုပ်ရပ်ကို အရှုံးပေးမည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောသည်။

ဇန်နဝါရီ ၂၀ရက်တွင် ပြသခဲ့သော အိုင်အက်စ်အဖွဲ့၏ ဗီဒီယိုဖိုင်တွင် ဓားစာခံများကို ဒေါ်လာ သန်း၂၀၀ ဖြင့် ၇၂ နာရီအတွင်းလာရွေးရန် တောင်းဆိုခဲ့သည်။ ကုန်ဆုံးမည့်အချိန်သည် ဇန်နဝါရီ ၂၃ရက် ဒေသစံတော်ချိန် ၅နာရီ ၅၀မိနစ်ဖြစ်သည်။

ဓားစာခံနှစ်ဦး ဘေးကင်းမှု ရှိ၊ မရှိကိုမူ မသိရသေးကြောင်း အကြီးအကဲ ယိုရှိဟိုက် ဆူဂါက ပြောသည်။

ဂျပန်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ အစ္စလာမ်များကို တိုက်ခိုက်ရေးဆင်နွှဲရန် ဆန္ဒမရှိကြောင်းနှင့် စစ်ဘေးကြောင့် ဒုက္ခရောက်နေသော ဒုက္ခသည် ၁၀ သန်းကျော်ကို ကူညီချင်ကြောင်း ဆူဂါက ဆိုသည်။

အိုင်အက်စ်အဖွဲ့တောင်းဆိုသော ငွေပမာဏသည် ၎င်းတို့ကိုတိုက်ခိုက်ချေမှုန်းနေသော နိုင်ငံများကို ကာကွယ်ရေးစရိတ်မဟုတ်သည့်ကဏ္ဍများတွင် သုံးစွဲရန် ဂျပန်အစိုးရက အရှေ့အလယ်ပိုင်း ခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဆိုအာဘေးက ကတိပြုခဲ့သော ထောက်ပံ့ငွေပမာဏနှင့် တူညီနေကြောင်းသိရသည်။

ဆီးရီးယားနှင့်အီရတ်နိုင်ငံများရှိ ဒုက္ခသည်များအတွက် အဆိုပါ ထောက်ပံ့ငွေ ဒေါ်လာ သန်း ၂၀၀ ကို သုံးစွဲမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားခဲ့ကြောင်းသိရသည်။

**ဘီဘီစီ။**

## အီရန် ဒုသမ္မတဟောင်းအား ငွေကြေးအလွဲသုံးစားမှုကြောင့် ထောင်ငါးနှစ် ချမှတ်

**ဒူဘိုင်း ဇန်နဝါရီ ၂၂**

သမ္မတဟောင်း မာမွတ်အမာဒီနီဂျက်၏ လက်အောက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အီရန်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ မိုဟာမက်ရီဇာရာဟီမီအား ထောင်ဒဏ်ငါးနှစ် ချမှတ်ကာ ဒဏ်ငွေရိုက်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာ အိုင်အာအန်အေက ဇန်နဝါရီလ ၂၂ ရက်တွင် ပြောကြားသည်။

အမာဒီနီဂျက် ပြန်လည်ရွေးမြောက်ခံရပြီးနောက် ၂၀၀၉ ခုနှစ်တွင် ဒုတိယသမ္မတအဖြစ် ခန့်အပ်ခံခဲ့ရသည့် ရာဟီမီအား ဒေါ်လာဘီလီယံပေါင်းများစွာ ငွေကြေးခဝါချခြင်း၊ အလွဲသုံးစားလုပ်ခြင်းနှင့် ဆက်နွှယ်၍ ပြီးခဲ့သည့်နှစ်မတ်လက စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ ရာဟီမီအား ထောင်ဒဏ် ငါးနှစ်နှင့် ၉၁ ရက်ကျခံစေရန် ချမှတ်လိုက်ပြီး ထိခိုက်မှုအတွက်လျော်ကြေးငွေစုစုပေါင်း ရီရယ်လ် ၃၈ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း) ပေးဆောင်ရန် ဒဏ်ရိုက်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ဇန်နဝါရီ ၂၁ ရက်ကဆိုသည်။

ရာဟီမီအား မည်သည့်ပြစ်မှုများဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်ကို မဖော်ပြသော်လည်း ယခင် တရားရုံးတစ်ရုံးက သူ့အား ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ ဖားစ်သတင်းဌာနက ထောင်ဒဏ်ငါးနှစ်ကို အတည်ပြုခဲ့သော်လည်း ဒဏ်ကြေးငွေပမာဏမှာ မမှန်ကန်ကြောင်း ပြောကြားသည်။ ပြီးခဲ့သည့်နှစ် မတ်လက အီရန်နိုင်ငံသည် သမ္မတဟောင်း အမာဒီနီဂျက်အစိုးရအား အမည်းစက်စွန်းထင်းစေခဲ့သည့် ကြီးမားသော ဘဏ္ဍာရေးဆိုင်ရာ လိမ်လည်မှုတစ်ခုနှင့် ပတ်သက်၍ သေဒဏ်ချမှတ်ခံထားရသည့် လူလေးဦးအား ပထမဆုံးအကြိမ်အဖြစ် ကြိုးပေးကွပ်မျက်ခဲ့သည်။

**ရိုက်တာ။**

# Age of Extinction ဇာတ်ကား အဆိုးရွားဆုံးဇာတ်ကားဆုစာရင်းတွင် နံပါတ်တစ်နေရာတွင်ရှိနေ

ဒါရိုက်တာမိုက်ကယ်ဘေးလ်၏ လက်ရာဖြစ်သော ထရန်စဖော်မာ အပိုင်း(၄) Transformers: Age of Extinction ဇာတ်ကားသည် ရာ့ဇီဖ်ဆုဟုခေါ်ဆိုသော အဆိုးရွားဆုံးဆုကြိုတင်စာရင်း၌ ခုနစ်နေရာတွင် ပါဝင်နေပြီး အညံ့ဖျင်းဆုံး ဇာတ်ကားအဖြစ် နံပါတ်တစ်နေရာတွင် ရှိနေသည်။

ယင်းအညံ့ဖျင်းဆုံးဆုများ အကြိုစာရင်းတွင် ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆု၊ အမျိုးသားဇာတ်ပို့ဆု (ကယ်ဆီးဂရမ်မာ)၊ သရုပ်ဖော်လှုပ်ရှားမှုနေရာများတွင် ပါဝင်နေခြင်းဖြစ်သည်။ သို့သော် ယင်းကဲ့သို့ အညံ့ဆုံးဆုစာရင်းတွင် ထရန်စဖော်မာဇာတ်ကား ပါဝင်လာခဲ့ခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်ဘဲ ၂၀၁၁ ခုနှစ်ကလည်း Transformers: Dark of the Moon သည် အညံ့ဖျင်းဆုံးဇာတ်ကားအဖြစ် ရွေးချယ်ခံရဖူးသည်။

" Age of Extinction"ကား၏ နောက် ကပ်လျက်တွင် မင်းသားခရစ္စကင်မရွန်း၏ Saving Charistmas နှင့် Legend of Hercules တို့က ခြောက်နေရာဖြင့် ယင်းဆုစာရင်းတွင် ပါဝင်နေသည်။ Growing Pains ဇာတ်ကား၏ ကြယ်ပွင့်မင်းသား ကင်မရွန်းက အဆိုးဆုံး အမျိုးသားဇာတ်ဆောင်ဆု စာရင်းတွင်လည်းကောင်း အညံ့ဖျင်းဆုံး ဖန်သားပြင်လှုပ်ရှားမှု စာရင်းတွင်လည်းကောင်း၊ နှစ်နေရာတွင် ပါဝင်နေသည်။

ယခုကဲ့သို့ ရာ့ဇီဖ်ဆုများ ပေးအပ်ရခြင်းမှာ နောင်နှစ်များတွင် အဆိုးများကို သင်ခန်းစာယူ၍ ကောင်းမွန်သော ဖန်တီးချက်များ၊ သရုပ်ဆောင်ချက်များကို ပြင်ဆင်ပြုလုပ်လာနိုင်စေရန် ရည်ရွယ်၍ ပေးအပ်ခြင်းဖြစ်သည်။ ယခုနှစ် ယင်းဆုစာရင်းတွင် ပါဝင်နေသော အခြားနာမည်ကြီး သရုပ်ဆောင်များမှာ ဘန်အက်ဖလက်ခ်၊ ဂျနီဖာအန်နစ္စတန်၊ မိုက်မိုင်းရက်စ်၊ ကန်ျူးရိဗ်နှင့် ခရစ္စတန်စတီး ဝက်ဘ်တို့ဖြစ်ကြသည်။ ရာ့ဇီဖ်ဆုများကို ဂိုးဒင်းရက်စ် ဘယ်ရီဆုချီးမြှင့်ရေး ဖောင်ဒေးရှင်းမှ အဖွဲ့ဝင် ၇၅၇ ဦးက ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပရိသတ်များမှ ကိုယ်တိုင်ကိုယ်ကျ မဲပေးလိုလျှင် Rotten Tomatoes.com တွင် ဝင်ရောက်မဲပေးနိုင်သည်။



# အသည်းအသန်ဝေဒနာရှင် ဆယ်ကျော်သက်ပရိသတ်၏ဆန္ဒကို အီမီနမ်က ဖြည့်ဆည်း

ဇန်နဝါရီ ၁၈ ရက်တွင် အီမီနမ် (Eminen)က ၎င်းက အမာခံပရိသတ်ဖြစ်သူ အသက် (၁၇)နှစ်အရွယ်ရှိ ဂေ့ချ်ဂါမိုရ်၏နေအိမ်တွင် သွားရောက်တွေ့ဆုံခဲ့ပြီး ၎င်းဆယ်ကျော်သက်လူငယ်လေး၏ ဝေဒနာသက်သာရာ သက်သာကြောင်း ပြောဆိုအားပေးခဲ့သည်။ သို့သော် ဂါမိုသည် နောက်တစ်နေ့ တနင်္လာနေ့မှာပင် ကွယ်လွန်သွားခဲ့ရာ သူ၏မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများက ဂါမိုအနေဖြင့် အီမီနမ်အားတွေ့ခွင့်ရပြီးနောက် သေခြင်းတရားကို သက်သက်သာသာပင် ရင်ဆိုင်သွားနိုင်ခဲ့သည်ဟု ဆိုသည်။



ယခုကဲ့သို့ အီမီနမ်ရောက်ရှိလာစေရန် ရိန်းဘိုးဆက်သွယ်ရေး အကျိုးဆောင်အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ မေရီဂရေ့စ်မက်ဂ်ကာတာက စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းသို့ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် မစ္စစ်ကာတာက များစွာဂုဏ်ယူနေသည်။ ယင်းအကျိုးဆောင်အဖွဲ့သည် မစ်ချီဂန်အခြေစိုက် ဝေဒနာပြင်းထန်သည့် ကလေးများကို စောင့်ရှောက်ပေးနေသော အဖွဲ့အစည်းဖြစ်သည်။

Oakland Press သတင်းစာက ဖော်ပြခဲ့ရာတွင် ဂါမိုသည် အထက်တန်းစတင်တက်ရောက်ခဲ့သည့် ၂၀၁၀ မှာပင် အရိုးကင်ဆာဝေဒနာခံစားခဲ့ရပြီး ခြေထောက်တစ်ချောင်းဖြတ်ပစ်ခဲ့ရသည်။ သို့သော် ကင်ဆာဆဲလ်များက အဆုတ်အထိ ပျံ့နှံ့နေခဲ့ရာ မသက်သာဘဲ သေမည့်ရက်ကို စောင့်နေရသည့် လူနာဖြစ်လာခဲ့သည်။ သူသည် အီမီနမ်ကို အလွန်နှစ်သက်သည့်ပရိသတ်တစ်ယောက်ဖြစ်ရာ ရိန်းဘိုးဆက်သွယ်ရေး အကျိုးဆောင်အဖွဲ့က ၎င်းဝေဒနာအပြင်းအထန်ခံစားလာရစဉ် အီမီနမ်နှင့်တွေ့ဆုံရန် ချိတ်ဆက်ပေးခဲ့သည်။ အီမီနမ်သည် ဂါမိုအား ဘောလုံးအကြောင်း၊ ကျောင်းအကြောင်းများ ပြောကာ တစ်နေ့တာကို ပျော်ရွှင်စေခဲ့သည်။

## ပြည်သူ့ရင်ပြင်တွင် အကြီးမားဆုံး အစားအသောက်ဈေးရောင်းပွဲတော် ကျင်းပတော့မည်

မြန်မာနိုင်ငံ၏ ပထမဆုံး အွန်လိုင်းစားသောက်ဆိုင်လမ်းညွှန်ဖြစ်သော MyLann က အကြီးမားဆုံး အစားအသောက်ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၄ရက်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

ထိုပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၀၀ကျော်ပါဝင်ပြီး အစားအစာမျိုးစုံကို ရောင်းချသွားမည်ဖြစ်သည်။ ထို့ပြင် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်မည်ဖြစ်ရာ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ အားတီ၊ ညဏ်လင်းအောင်တို့က တေးသီချင်းများဖြင့် ယူရေနီယံအကအဖွဲ့နှင့်အတူ ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။ ကံစမ်းမဲပွဲလည်း ပါဝင်မည်ဖြစ်ရာ ခင်လှိုင်၊ ဒိန်းဒေါင်တို့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင်ပွင့်က အစီအစဉ်ကို တင်ဆက်ပေးမည်ဖြစ်သည်။

ယင်းပွဲတော်ကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး လက်မှတ်ရောင်းရငွေ၏ ၁၀ရာခိုင်နှုန်းကို မိဘမဲ့ကလေးများနှင့် သက်ကြီးရွယ်အိုများအား လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

# အဆိုတော် ကင်မ်ဝူဂျိုး စစ်မှုမထမ်းဆောင်လို၍ စိတ်မကျန်းမာချင်ဟန်ဆောင်သည်ဟု စွပ်စွဲခံရ

ကင်မ်ဝူဂျိုးသည် ၂၀၁၂ မတ်လမှစတင်၍ မကောင်းဆိုးဝါးများကို မြင်တွေ့နေရသည်ဟုဆိုကာ စိတ်ရောဂါအထူးကုဆရာဝန်နှင့် သွားရောက်ဆွေးနွေးခဲ့သည်။ သူသည် ၂၀၁၂ မတ်လမှ ၂၀၁၄ မေလအထိ စုစုပေါင်း (၄၂)ကြိမ်တိုင်တိုင် ဆေးရုံတက်ခဲ့ရဖူးသည်။



ထို့ကြောင့် သူ့အား ၂၀၁၄ အောက်တိုဘာလတွင် စစ်မှုထမ်းဆောင်ရမည့်သူများစာရင်းမှ ထုတ်ပယ်ခဲ့ကြသည်။ သို့သော် ယခုအခါ သူသည် စစ်မှုမထမ်းဆောင်လို၍ စိတ်မကျန်းမမာ ဖြစ်ချင်ဟန်ဆောင်သည်ဟု စွပ်စွဲပြောဆိုခြင်းခံနေရသည်။

အဆိုတော် ကင်မ်ဝူဂျိုးသည် ၂၀၁၄ နိုဝင်ဘာလတွင် သူ၏ တတိယမြောက် အယ်လ်ဘမ်ကို ထုတ်ဝေခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၁-၂၀၁၅ (သောကြာနေ့)

## MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၁၀း၄၀ အနုပညာမိုးကောင်းကင်
- ၁၁း၀၅ Food & Decor
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၃)
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၁)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၂)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၄)
- ၈း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၉)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၄)
- ၁၀း၀၀ Movie Talk [ကလေးသရုပ်ဆောင်များ (အပိုင်း-၂)]
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၂း၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၉)
- ၂း၅၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၄)
- ၄း၄၅ မြတ်ဗုဒ္ဓဒေသနာဖြန့်ဝေဖြာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

## jr0wD

- ၆း၀၃ တရားတော်
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၄၀ မှတ်တမ်း
- ၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည့်
- ၇း၂၅ အမျိုးသားရေးတေးကဗျာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၄း၀၆ တစ်ပတ်အတွင်း စီးပွားရေးသတင်း
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၁၀ အိပ်မက်များကိုထုဆစ်ခြင်း
- ၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၂၈၄) (ဒါရိုက်တာ-မိုးဇော်ကို)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - "ရာဇဝင်ထဲကတော်ဝင်သမားတော်" (အပိုင်း-၇)
  - ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
  - Lucky Door

## News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၅ စက္ကူအလင်း အမြင်သန်မြတ်ဘုရား ရွှေမျက်မှန်
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၁၁း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၂း၃၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ
- ၁၂း၅၀ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၂း၀၀ မြို့မငြိမ်း(၁၀၅) နှစ်မြောက်အထိမ်းအမှတ်မန္တလေးမြို့မတူရိယာ အသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၂)
- ၂း၃၅ မြန်မာဓလေ့ရိုးရာလက်ဝှေ့
- ၃း၀၀ ပြည်တွင်း သုံးနာရီသတင်း၊ နိုင်ငံတကာသတင်း (Package)
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ

## Entertainment Channel

- ၆း၀၀ အဖွင့်
  - လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၂)
- ၆း၃၀ အေဝမ်းစိုးမြင့်တေးများ (အပိုင်း-၁)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၇)
- ၇း၁၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "Online ပေါ်က ဝိညာဉ်"
- ၇း၃၀ ရောင်စုံရေးသီတေးပန်းချီ
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၃၃)
- ၈း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၃၄)
- ၉း၁၅ တေးဂီတအစီအစဉ်
- ၉း၂၅ ပြည်သူ့နီတိ "ရေမြင့်သည့်ကြာပဒုမ္မာသို့"
- ၉း၄၅ China In Myanmar Cultural Show
- ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "နွေဥသြရဲ့ ဆောင်းရင်ခွင်" (ဟိန်းဝေယံ၊ ရဲအောင်၊ စိုးပြည့်သဇင်") (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

**MYANMAR INTERNATIONAL**

**Programme in Brief**

**(23-1-2015) (Friday)**

- -A Visit to Kyauk Kyi
- -Swensen's (Ice Cream)
- -Caves of Myanmar
- -Great Minds of Myanmar
- -ANANDA GU PHAYA
- -Art Students: Sculpture
- -Lacquareware Making
- -In The Studio:Hemale
- -Amazing: Magician Sak Kaw Ma
- -Conceptual Art



## ဂျူအန်ကွာဒရာဒို အားခေါ်ယူရန် ထိပ်သီးကလပ်အသင်းကြီးများ အပြိုင်စောင့်ကြည့်နေ

အင်္ဂလန်ထိပ်သီးကလပ် ချယ်လ်ဆီးအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကိုအားဖြည့်ရန်အတွက် ဖီအိုရင်တီးနားအသင်း၏ ကိုလံဘီယာကွင်းလယ်လူ ဂျူအန်ကွာဒရာဒို အားခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။ ကွာဒရာဒိုမှာ ပြီးခဲ့သည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကိုလံဘီယာအသင်းနှင့်အတူခြေစွမ်းပြသခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမစတင်မီက မန်ယူအသင်းသို့ရောက်ရှိရန် နီးစပ်ခဲ့သော်လည်း ပျက်ပြယ်ခဲ့ရသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းမှာ လာမည့်ရာသီမစတင်မီ ကွင်းလယ်ကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူရန် ပစ်မှတ်ထားနေပြီး ကွာဒရာဒိုမှာလည်း ဖီအိုရင်တီးနားအသင်းမှထွက်ခွာရန် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့်ဆောင်းရာသီကာလတွင် ၎င်းအားခေါ်ယူရန် စီစဉ်လျက်ရှိပြီး ပေါင် ၂၇ သန်းဖြင့် ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း goal.com ကဖော်ပြခဲ့သည်။

သို့သော် ဖီအိုရင်တီးနားအသင်းအနေဖြင့် ပြောင်းရွှေ့ကြေးအနည်းငယ်ဖြင့် လက်လွှတ်ရန်ဆန္ဒမရှိဘဲ ပေါင် ၃၅ သန်းထက်လျော့နည်းပါက ရောင်းချမည်မဟုတ်ကြောင်း အသင်း၏ twitter စာမျက်နှာတွင် တရားဝင်ဖော်ပြခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် ကွာဒရာဒိုအားအလွယ်တကူခေါ်ယူနိုင်ဖွယ်မရှိဘဲ မန်ယူ၊ ဘိုင်ယန်မြူးနစ် စသည့် ဥရောပထိပ်သီးကလပ်အသင်းကြီးများကလည်း အပြိုင်စောင့်ကြည့်နေကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

[ကိုရဲ]

## ကရင်နှစ်သစ်ကူးအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

**မအူပင် ဇန်နဝါရီ ၂၂**

မအူပင်ခရိုင် မအူပင်မြို့နယ် စစ်ကိုင်းကျေးရွာအုပ်စုတွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အမျိုးသားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် ဗိုလ်လုပွဲကျင်းပရာ တလုပ်လပ်အရှေ့ကျေးရွာ အသင်းနှင့် စစ်ကိုင်းကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တလုပ်လပ်အရှေ့ကျေးရွာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ပထမဆုကို ဆွတ်ခူးခဲ့ပြီး ပြိုင်ပွဲတွင် ထူးချွန်အသင်းနှင့်ထူးချွန်ကစားသမားများအား ပွဲတော်ကျင်းပရေးကော်မတီက ဆုဖလားနှင့် ငွေသားဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# တိုက်စစ်မှူး မက်ဆီ၏ နောက်ကျဂိုးဖြင့် ဘာစီလိုနာနိုင်ပွဲရ



စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ အသင်းနှစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်စပိန် ကိုပါဒယ်ရေးဖလားကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး မက်ဆီ၏ နောက်ကျဂိုးဖြင့်နိုင်ပွဲရခဲ့ကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်၊ အင်နီယေစတာ၊ ဘတ်စကွက်၊ ရာကီတစ်၊ အယ်လ်ဘာ၊ မာရှေယာနို၊ ပီကေး၊ ဒန်နီအဲလ်ဗက် စသည့်ကစားသမားများကို ၄-၃-၃ ပုံစံဖြင့် ပွဲထုတ်ခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ တောရက်စ်၊ ကိုကီ၊ ဂရစ်ဇ်မန်း၊ ဂိုဒင်၊ မီရန်ဒါ၊ ဂျူအန်ဖရန် စသည့်ကစားသမားများကို ၄-၄-၂ မဟာဗျူဟာဖြင့် ပွဲထွက်ကစားစေခဲ့သည်။

ဘာစီလိုနာအသင်းသည် အဆိုပါပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့သော်လည်း ဂိုးရရှိမည့်အခွင့်အရေးကို တိုက်စစ်မှူးဆွာရက်ဇ်အသုံးမချနိုင်ခဲ့ခြင်းကြောင့် ဂိုးပြတ်နိုင်ပွဲရရှိမည့်အခြေအနေမှ သွေဖည်ခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ဇန်နဝါရီ ၁၁ ရက်ကလည်း အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် စပိန်လာလီဂါပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံခဲ့ရာ၌ တိုက်စစ်မှူးများဖြစ်ကြသည့် မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့၏ သွင်းဂိုးများဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယခုတစ်ဖန်ကိုပါဒယ်ရေးဖလားပွဲစဉ်တွင်လည်း ထပ်မံအနိုင်ရရှိလိုက်ခြင်း ဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ ပြီးခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလား(၁၆)သင်းအဆင့်ပွဲစဉ်တွင် လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းကို တိုက်စစ်မှူးတောရက်စ်၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ယခုဘာစီလိုနာအသင်းနှင့် ဆုံတွေ့ခဲ့သည့် ကွာတားဖိုင်နယ်ပထမအကျော့တွင်မူ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် တိုက်စစ်မှူး တောရက်စ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့သဖြင့် ဒုတိယပိုင်းပွဲစချိန်တွင် တောရက်စ်နေရာတွင် တိုက်စစ်မှူး မန်ဇူကစ်နှင့် လူစားလဲခဲ့သော်လည်း အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ရလဒ်ကောင်း တစ်ခုမရရှိခဲ့ပေ။

ဘာစီလိုနာအသင်းမှာ စပိန်ကိုပါဒယ်ရေးဖလား (၁၆)သင်းအဆင့်တွင် အဲလ်ချီအသင်းအား နှစ်ကျော့ပေါင်းရလဒ် ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အသင်းဖြစ်ပြီး ကိုပါဒယ်ရေးပြိုင်ပွဲတွင် ခြေစွမ်းကောင်းရရှိနေသည့် အသင်းတစ်သင်းဟုပင် ဆိုရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါအမှတ်ပေးဇယားတွင် ရမှတ် ၄၄ မှတ်ဖြင့် ရီးယဲလ်မက်ဒရစ်နောက် ဒုတိယနေရာတွင်ရပ်တည်လျက်ရှိပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ ရမှတ် ၄၁ မှတ်ဖြင့် တတိယနေရာမှ ရပ်တည်လျက်ရှိသည်။

စပိန်ကိုပါဒယ်ရေးကွာတားဖိုင်နယ်ပွဲစဉ်များအနက် အခြားသောပွဲစဉ်များဖြစ်သည့် ဗီလာရီးယဲလ်နှင့်ဂီတာဖေးတို့ပွဲစဉ်တွင် ဗီလာရီးယဲလ်အသင်းက ဂီတာဖေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မာလာဂါအသင်းနှင့် ဘီဘာအိုအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေဖြင့် လည်းကောင်း အသီးသီးရလဒ်များ ထွက်ပေါ်ခဲ့သည်။ **(ငွေကြယ်)**



## အက်သလက်တီကိုအား အနိုင်ရသည့်အပေါ် ကျေနပ်ကြောင်း အင်နီယေစတာ ပြောကြား

ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာက ကိုပါဒယ်ရေးဖလား ပထမအကျော့ပွဲစဉ်၌ အက်သလက်တီကိုမက်ဒရစ်အား အိမ်ကွင်းတွင် တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည့် ရလဒ်အပေါ် ကျေနပ်မိကြောင်းနှင့် နည်းပြဆီမွန်နီ၏ အသင်းမှာ မာကျောခက်ခဲသည့် အသင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၁ ရက်က ယှဉ်ပြိုင်ခဲ့သော အဆိုပါပွဲစဉ်တွင် လီယွန်နယ်မက်ဆီ၏ တစ်လုံးတည်းသောဂိုးဖြင့် ကျဉ်းမြောင်းသော အနိုင်ရလဒ်သာ ရရှိခဲ့သော်လည်း အက်သလက်တီကို အသင်းကို ပေးဂိုးလုံးဝမရှိ ကစားနိုင်ခဲ့ခြင်းအပေါ် ကျေနပ်ပျော်ရွှင်မိကြောင်း ၎င်းကဆိုခဲ့သည်။

အင်နီယေစတာက "အက်သလက်အသင်းဟာ ဂိုးဧရိယာထဲမှာဆိုရင် အကောင်းဆုံးကစားနိုင်ပြီး ကြောက်ခမန်းလိလိ တိုက်စစ်ဆင်နိုင်တဲ့အသင်းဖြစ်တယ်။ ယခု သူတို့ကို ပေးဂိုးလုံးဝမရှိအောင် ကစားနိုင်တဲ့အပေါ် ကျွန်တော်တကယ့်ကို ကျေနပ်မိတယ်"ဟု ပြောကြားခဲ့သည်။

လူးဝစ်ဆွာရက်ဇ်က ပထမပိုင်း ၃၆ မိနစ်မှာ သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေးတစ်ကြိမ် ရရှိခဲ့သော်လည်း ဖြုန်းတီးပစ်ခဲ့သည်။ လွန်ခဲ့သည့် ၁၀ ရက်ကပင် နျူးကမ့်ကွင်း၌ လာလီဂါပွဲစဉ်အဖြစ် ဘာကာနှင့် အက်သလက်တီကိုအသင်းတို့ ယှဉ်ပြိုင်ခဲ့သေးရာ ဘာကာက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နောင်လာမည့်အပတ်တွင် ဒုတိယအကျော့ပွဲစဉ်ကို ထပ်မံကစားမည်ဖြစ်ရာ မည်သို့သောရလဒ်ထွက်ပေါ်လာမည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **[မေလှဲ့သင်း]**

# ရီးယဲလ်မက်ဒရစ် ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်းအဖြစ် ရပ်တည်



ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်း ၂၀ စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ချန်ပီယံလိဂ် (၁၀)ကြိမ်မြောက် ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းက နံပါတ်တစ်နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ မန်ချက်စတာယူနိုက်အသင်းကမူ ယမန်နှစ် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့်ပင် မရရှိခဲ့သော်လည်း ယခင်စတုတ္ထနေရာမှ ဒုတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ယင်းစာရင်းအပြီး ၂၀၁၃-၂၀၁၄ ကလပ်အသင်းဝင်ငွေအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပြီး မန်ယူအသင်း၏ နောက်တွင် ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာနှင့် ပီအက်စ်ဂျီအသင်းတို့က အစဉ်လိုက်ရပ်တည်နေသည်။

အင်္ဂလန်အသင်းများဖြစ်သော မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့က ဆဋ္ဌမမှ နဝမအထိ အစဉ်လိုက်ရပ်တည်နေသည်။ ပရီမီယာလိဂ်အခြားအသင်းများဖြစ်သော တော့တင်ဟမ်က (၁၃)နေရာတွင် လည်းကောင်း၊ နယူးကာဆယ်က (၁၉)နေရာတွင်လည်းကောင်း၊ အဲဗာတန်က အဆင့်(၂၀)၌လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့သည်။

ယင်းအချမ်းသာဆုံး ကလပ်အသင်း ၂၀ ၏ စုစုပေါင်းဝင်ငွေမှာ ၁၄ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး ယူရို ၆ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိလာခဲ့သည်။ သို့သော် ယင်းစာရင်းသည် ဝင်ငွေအပေါ်တွင်သာ အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပြီး ကလပ်အသင်းများ၏ ကြွေးမြီများအပေါ် ထည့်သွင်းတွက်ချက်ထားခြင်း မရှိပေ။

ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၄ ခုနှစ် မေလက မြို့ခံပြိုင်ဘက် အက်သလက်တီကိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့ပြီးနောက် ဝင်ငွေ ယူရို ၅၄၉ ဒသမ ၅ သန်းအထိ ရှိလာခဲ့သည်။ ယင်းနိုင်ပွဲကြောင့် ဝင်ငွေ ယူရိုဝင်ငွေ ၃၀ ဒသမ ၆ သန်းအထိ တိုးတက်လာခဲ့ပြီး ရုပ်သံထုတ်လွှင့်ကြေးနှင့် အခြားလုပ်ငန်းများမှ ဝင်ငွေ ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ မန်ယူအသင်း၏ ဝင်ငွေမှာ ယူရို ၅၁၈ သန်း၊ ဘိုင်ယန်မြူးနစ်အသင်းက ယူရို ၄၈၇ ဒသမ ၅ သန်း အသီးသီးရရှိခဲ့ကြသည်။

ယင်းအချမ်းသာဆုံး ကလပ်အသင်း ၂၀ စာရင်းကို ကြီးငါးကြီးဟုခေါ် ဆိုသော လိဂ်များဖြစ်သည့် အင်္ဂလန်ပရီမီယာလိဂ်၊ ဂျာမနီ ဘွန်ဒက်လီဂါ၊ အီတလီစီးရီးအေ၊ စပိန်လာလီဂါနှင့် ပြင်သစ်လိဂ်ဂူး-၁ အသင်းများမှသာ လွှမ်းမိုးထားခဲ့သည်။

## လင်မယားချင်းစကားများရာမှ အက်စစ်အပျော့သောက်

**ပခုက္ကူ၊ ဇန်နဝါရီ ၂၂**

ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျောက္ကာကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက တစ်ရွာတည်းနေ မဇာရောက်လာပြီး ၎င်း၏ခင်ပွန်းဖြစ်သူ ကျော်ဝင်းဆွေ အသက် (၃၉)နှစ်မှာ လင်မယားချင်း စကားများပြီး ဘက်ထရီအိုးထဲသို့ထည့်ရန် အသင့်ပြုလုပ်ထားသောအက်စစ်အပျော့အား သောက်ခဲ့ကြောင်း လာရောက်ပြောပြသဖြင့် သွားရောက်ကြည့်ရှုရာ ကျော်ဝင်းဆွေမှာ နေအိမ်၌ညည်းညူနေသည်ကို တွေ့ရှိရ၍ ပေါက်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

မိမိကိုယ်ကို သေကြောင်းကြံစည်သူ ကျော်ဝင်းဆွေအား ပေါက်မြို့နယ် ပေါက်မြို့မရဲစခန်းက (ပ) ၉/၂၀၁၅၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၉ အရ အရေးယူထားကြောင်းသိရသည်။ **ကျော်ဇေယျ**

## စက်ဘီးစီးလာသူ အမျိုးသမီးကို ဝင်တိုက်ပြီး ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်

**ပခုက္ကူ၊ ဇန်နဝါရီ ၂၂**

ပခုက္ကူယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ တာဝန်မှူး ဒုရဲအုပ်ခင်မောင်ထွန်းသည် ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီခွဲခန့်က ပခုက္ကူ-ရေစကြိုကားလမ်း စို့တွင်းကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ပခုက္ကူမြို့အတွင်းမှ မြို့သစ်ရပ်သို့ မခင်မာဝေ (၄၇)နှစ် ပခုက္ကူမြို့နေသူ စီးနင်းလာသော စက်ဘီးအား အဖြူရောင်ဗင်ကားက နောက်မှဝင်ရောက်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားကြောင်းနှင့် မခင်မာဝေတွင် ဦးခေါင်းနောက်စေ့ ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်းအား စုံစမ်းအရေးယူပေးပါရန် ဒုရဲအုပ်ခင်မောင်ထွန်းက တရားလိုပြုတိုင်တန်းသဖြင့် ပခုက္ကူမြို့နယ်မြို့မရဲစခန်းယာဉ်(ပ)၇/၂၀၁၅၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရအမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**



## ၁၂ဘီးကားနှင့် သစ်လုံးတင် ထွန်စက်တို့တိုက်မိ လူတစ်ဦးသစ်လုံးပိမိ သေဆုံး

**သထုံ၊ ဇန်နဝါရီ ၂၂**

သထုံမြို့နယ် မြေနီကုန်းကျေးရွာ ဇရစ်ချောင်ကျောင်းတိုက် မုခ်ဦးအနီးတွင် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက သစ်လုံးများတင်လာသည့် နောက်တွဲပါ လယ်ထွန်စက်အား အဖြူရောင် ၁၂ ဘီးကုန်တင်ယာဉ်က နောက်မှဝင်တိုက်ရာ လယ်ထွန်စက်မှာ တိမ်းမှောက်ပြီး လူတစ်ဦးမှာ သစ်လုံးများပိ၍ ဦးခေါင်းကြေမွ သေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါ သစ်လုံးတင် ထွန်စက်မောင်းသူမှာ စိုးရိမ်ရသောဒဏ်ရာများဖြင့် အတွင်းလူနာအဖြစ် သထုံခရိုင် ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

"မနက် ၃ နာရီလောက်မှာ ဖြစ်တာပါ။ ကုန်းအတက်ဆိုတော့ ထွန်စက်က ဖြည်းဖြည်းတက်လာနေတာကို နောက်က ဝင်တိုက်တာ။ ထွန်စက် မှောက်တော့ သစ်လုံးပေါ်မှာ ထိုင်ပြီးလိုက်လာတဲ့သူကို သစ်လုံးတွေပိပြီး သေတာ။ လမ်းက ဖြတ်သွားတဲ့ ကရိန်းကားကကူပြီးမထုတ်မှ အလောင်းကိုရတယ်။ ထွန်စက်မောင်းတဲ့သူကတော့ ဆေးရုံမှာ။ ၁၂ ဘီးမောင်းတဲ့သူလည်း နည်းနည်းတော့ ဒဏ်ရာရတယ်" ဟု မြေနီကုန်းကျေးရွာသားတစ်ဦးက ၎င်းမြင်တွေ့ခဲ့ရမှုကို ပြောပြသည်။

ထိုယာဉ်တိုက်မှုကြောင့် စိုးရိမ်ရသော ဒဏ်ရာများရရှိခဲ့သည့် ထွန်စက်မောင်းသူ ကိုချမ်းအေးနှင့် သေဆုံးသူ ကျော်သက်ထွေးတို့အား တာဝန်ရှိသူများက သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကာ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ၁၂ ဘီးကုန်တင်ယာဉ်မောင်း ကိုသိန်းဇံအား သထုံမြို့မရဲစခန်းက ယာဉ်(ပ)၂/၂၀၁၅၊ ပြစ်မှုပုဒ်မ- ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ကျောက်တံခါးမြို့နယ်တွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

**ကျောက်တံခါး၊ ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖဒိုနယ်မြေ ရဲစခန်းမှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲအား ဖဒို-အထက သရဖီခန်းမ ဆောင်၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းဝေယံမြင့်က လူကုန်ကူးမှုဥပဒေပြဋ္ဌာန်းမှု၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအား ရှင်းလင်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ အမှတ်(၃) ရဲအုပ်လှဖုန်းက ဒေသအတွင်း လူကုန်ကူးမှု နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှု ခေတ်သစ်ကျေးကျွန်စနစ်ဖြစ်ပေါ်လာပုံအား အသေးစိတ် ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ဖဒိုစခန်းမှူး ရဲအုပ်အောင်ကျော်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့များ၊အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား ၅၀၀ ကျော်တက်ရောက်ခဲ့သည်။ **ကိုသိန်းအေး(ဖဒို)**

# မန္တလေးတွင်ယာဉ်တိုက်မှုဖြစ်ပွားရာမှ ကားမီးလောင်

**မန္တလေး ဇန်နဝါရီ ၂၂**

ယာဉ်တိုက်မှုဖြစ်ပွားရာမှ ကားမီးလောင်မှုတစ်ခု ဇန်နဝါရီ ၂၂ရက် နံနက်အစောပိုင်းက မန္တလေးမြို့(၃၅) လမ်းနှင့်(၇၈)လမ်းထောင့်၌ ဖြစ်ပွားခဲ့ရာယာဉ်မောင်းများမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့(၃၅)လမ်း ခုံးကျော်မီးပွိုင့်တွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၂နာရီ၄၅ မိနစ်ခန့်က (၇၈)လမ်း အတိုင်းတောင်မှမြောက်သို့ မောင်းနှင် လာသော SANGDA-L FAN ယာဉ်သည်(၃၅)လမ်းမှ(၇၈)လမ်းသို့ကွေ့ဝင်လာသော အဖြူရောင်ယာဉ်နှင့်တိုက်မိပြီး လမ်းလယ်ကျွန်းနှင့်ထပ်မံဝင်တိုက်၍ ဘက်ထရီရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် ကားအတွင်းပိုင်း မီးလောင်ကျွမ်းခဲ့ပြီး ကျပ်တစ်သိန်းခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် ယာဉ်နှစ်စီးလုံး၏ယာဉ်မောင်းများမှာ ထွက်ပြေးသွားသောကြောင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။



အဆိုပါ ကားမီးလောင်ကျွမ်းရာသို့မီးသတ်ယာဉ် သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မဟာအောင်မြေ မြို့နယ်မြို့မ ရဲစခန်းအမှတ်(၉)တွင် ယာဉ်(ပ) ၂/၂၀၁၅၊ ပုဒ်မ ၂၇၉/၂၈၅ ဖြင့်အမှုဖွင့်ထားကြောင်းသိရသည်။

၀၀၂



အီစွမိုင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မောင်တောမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၉၁၀၀ သိမ်းဆည်းရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၂၂**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက်က မောင်တောမြို့ ရွာသစ်ကေရပ်ကွက် လမ်းမကြီးတွင် ပလတ်စတစ်ပီပါတစ်လုံး ထမ်းလာသည့် မသင်္ကာသူ အီစွမိုင်အား မောင်တောမြို့မရဲစခန်းသို့ခေါ်ယူပြီး ပူးပေါင်းအဖွဲ့နှင့်အတူ ဖွင့်ဖောက်စစ်ဆေးရာ ပီပါအတွင်းရှိ လက်ဆွဲအိတ်နှစ်လုံးအနက် တစ်လုံးအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅၀၀နှင့် ကျန်လက်ဆွဲအိတ်တစ်လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၉၁၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် အီစွမိုင် (၅၅) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**

## တောင်ဥက္ကလာပမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၃၈ ပြား သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန် (အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်ဇန်နဝါရီ ၂၀ ရက်က သတင်းအရ တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် စီမံ(၂) သံသုမာလမ်းနှင့် ရတနာလမ်းထောင့်ရှိ ရွှေမိတ် (၁) စားသောက်ဆိုင်တွင်တွေ့ရှိသူ ကျော်လင်း (ခ) ကျော်ခိုင်အား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ရှပ်အင်္ကျီဝဲဘက် အိတ်အတွင်းမှ စီးကရက်ဘူးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ နှင့် ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် စီမံကိန်း (၁) (၁၄)ရပ်ကွက်ရှိ နေအိမ်သို့ ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်း စက္ကူဂျပ်ဖာဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၊ အိပ်ရာအောက်မှ ဆေးပြား ၄၈ပြား၊ ခေါင်းရင်းတိုင်တွင်ချိတ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဆေးပြား ၅၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉၃၈ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ကျော်လင်း (ခ) ကျော်ခိုင် (၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ဆန်ပွဲရုံ၌ အလုပ်သမားတစ်ဦး ဆန်အိတ်ပိမိ၍သေဆုံး

**ရန်ကုန်၊ ဇန်နဝါရီ ၂၂**

ဆန်ပွဲရုံ၌ အလုပ်သမားတစ်ဦး ဆန်အိတ်ပိမိ၍သေဆုံးမှုဖြစ်စဉ် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေအတွင်း ဖြစ်ပွားခဲ့သည်။

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဘုရင့်နောင်ပွဲရုံတန်းဝင်းရှိ ဆန်ရောင်းဝယ်ရေးပွဲရုံမှ အလုပ်သမားတစ်ဦး ဆန်အိတ်ပိ၍ အင်းစိန်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့ကြောင်း သတင်းအရ ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီ ၅၅ မိနစ်က သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ လှိုင်သာယာမြို့နယ်နေ ကိုမျိုးသန့်(၃၃)နှစ်ဖြစ်ကြောင်း သိရသဖြင့် ဖြစ်စဉ်အားစုံစမ်းရာ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲ က သေဆုံးသူသည် အဆိုပါဆန်ပွဲရုံ၌ အခြားအလုပ်သမားများနှင့်အတူ ဆန်များသန့်စင်ရန်အတွက် ဆန်အိတ် များထုတ်ယူနေစဉ် အိတ် ၁၅၀ ရှိ ဆန်အိတ်ပုံမှ အိတ် ၂၀ ခန့်မှာ ၎င်းပေါ်သို့ ပြိုကျပိမိခဲ့သဖြင့် အင်းစိန်ဆေးရုံသို့ တင်ပို့ကုသနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ ဘုရင့်နောင်နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၁/၂၀၁၅)ဖြင့် ရေးဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း– MLA)**



မခင်စုစုလှိုင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## လှိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြား သိမ်းဆည်းရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်ဇန်နဝါရီ ၁၉ ရက်က လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါရမီလမ်းမပေါ်ရှိ စိန်ဂေဟာစူပါမားကက်ရှေ့၌ တွေ့ရှိသူ မခင်စုစုလှိုင်အား ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် လက်ဆွဲအိတ်အတွင်းရှိ စီးကရက်ဘူးခွံအတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြား သိမ်းဆည်းရမိသဖြင့် မခင်စုစုလှိုင် (၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# မိုဘိုင်းဖုန်းနှင့်လူငယ်များ

**à btkfuida&'Tvief**



မြန်မာဆိုရိုးစကားများတွင် “သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး” ဟူသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ ယနေ့ မျက်မှောက်ကမ္ဘာကြီးတွင် အလျင်အမြန်တိုးတက်မှု အရှိန်အဟုန်မြင့်မားလာနေသော အိုင်တီခေတ်ကြီးတွင် မိုဘိုင်းဖုန်းများသည် တစ်နေ့ထက်တစ်နေ့ နည်းပညာ မြင့်မားမှုများ၊ တီထွင်မှုများဖြင့် လူသားအားလုံးအတွက် အကျိုးပြုနေပေသည်။ ၎င်းမိုဘိုင်းဖုန်းများကို နည်းမှန်လမ်းမှန် အကျိုးရှိစွာ သုံးတတ်ပါက သုံးစွဲသူများအတွက် အလွန်အကျိုးများစွာရရှိနိုင်သော်လည်း နည်းမှန်လမ်းမှန်မသုံးစွဲတတ်ဘဲ တလွဲသုံးစွဲနေပါက ဘေးထွက်ဆိုးကျိုးများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ပါသည်။

စာရေးသူပတ်ဝန်းကျင်မိသားစုများတွင် အလယ်တန်း၊ အထက်တန်း ကျောင်းသား လူငယ်များ၏ နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများ၊ မိုဘိုင်းဖုန်းကို လိုအပ်သည်ထက် ပိုမိုသုံးစွဲမှုများအား မြင်တွေ့နေရ ယင်းကျောင်းသားလူငယ်လေးများ၏ ရင်လေးစရာများကို တင်ပြလိုက်ရပါသည်။

မိုဘိုင်းဖုန်းကိုယ်စီရှိကြသော ယနေ့ကျောင်းသား လူငယ်များတွင် ခုနစ်ဆယ်ရာခိုင်နှုန်းခန့်မှာ သုံးစွဲနည်းသုံးစွဲချိန်များ မှားယွင်းစွာသုံးစွဲနေကြသည်ကို ရင်လေးစရာ တွေ့မြင်နေရပါသည်။ ကျောင်းကားစောင့်နေသည့် အချိန်များတွင်လည်းကောင်း၊ ကျောင်းကားပေါ်တွင်လည်းကောင်း၊ စာသင်ခန်းအတွင်း အားလပ်သည့်အချိန် တစ်ခဏအတွင်းတွင်လည်းကောင်း ဂိမ်းမျိုးစုံဆော့ကစားနေတတ်ပါသည်။ နေ့စဉ်စာကျက်ချိန်များတွင်လည်း မိဘလူကြီးများမသိအောင် စာမကျက်ဘဲ ဂိမ်းဆော့ခြင်း၊ အင်တာနက်၊ ဖေ့စ်ဘွတ်များ ကြည့်ရှုကြပါသည်။ မိဘများသည် မိမိတို့၏ သားသမီးများ လူနေမှုအဆင့်အတန်း တိုးတက်လာစေရန်လည်းကောင်း၊ ဗဟုသုတများရရှိစေရန်လည်းကောင်း ငွေကြေးအကုန်ကျခံကာ လုပ်ဆောင်ခဲ့ကြသော်လည်း ကျောင်းသား လူငယ်များနှင့် လုံးဝမအပ်စပ်သော အခန်းကဏ္ဍများကို ထိုးဖောက်ဝင်ရောက်ကြည့်ရှုနေကြသော ကျောင်းသားလူငယ် အများအပြားတွေ့ရှိရပါသည်။ အဆိုးဆုံးမှာ ညစ်ညမ်းသောပုံများ၊ ဇာတ်လမ်းများကို လက်ဆင့်ကမ်းမျှဝေ ကြည့်ရှုနေကြရာ ယင်းလူငယ်ကျောင်းသားလေးများ၏ စာရိတ္တ၊ အကျင့်စရိုက်များ ပျက်စီးမှုလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးနေသော အနေအထားသို့ ရောက်ရှိနိုင်ပါသည်။

မိုဘိုင်းဖုန်းများကို လိုအပ်သည်ထက် အချိန်ကြာမြင့်စွာ ပြောဆိုခြင်းသည် အသံလှိုင်း၏ ရိုက်ခတ်မှုကြောင့် ဦးနှောက်ရောဂါများဖြစ်ပေါ်တတ်ခြင်း၊ ဂိမ်းများကို အချိန်ကြာမြင့်စွာ ကြည့်ရှုဆော့ကစားမှုကြောင့် အမြင်အာရုံ ချို့ယွင်းမှုများ ခံစားရပုံကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် သုတေသနပညာရှင်များ၏ ထုတ်ပြန်ကြေညာချက်များအား အလေးထားလိုက်နာရှောင်ရှားသင့်ပေသည်။ ယနေ့အချိန်ကာလသည် ကျောင်းသားလူငယ်များ၏ တန်ဖိုးရှိသော အချိန်ကာလပင်ဖြစ်ပါသည်။ ယင်းကဲ့သို့ တန်ဖိုးရှိလှသော အချိန်ကာလများတွင် အကျိုးမဲ့သော အချိန်ဖြုန်းတီးနေမှုများကို ကျောင်းသားလူငယ်များ အထူးဂရုပြုရှောင်ရှားကြရန် တိုက်တွန်းလိုက်ရပါသည်။

## သစ်ပင်စိုက်ပျိုး အလှတိုး

## Car flat laser အသုံးပြုပြီးနောက်ဆုံးပေါ် ဒီဇိုင်းဖန်တီးနိုင်

ညအခါ ကားမောင်းသည့်အခါ car flat laser ကို အသုံးပြုခြင်းဖြင့် ပြင်းထန်သော လေဆာအစွမ်းကြောင့် ကားကိုအဝေးမှပင် လှမ်းပြီးမြင်နိုင်ပြီး လေဆာတန်းကို အပြားလိုက် လမ်းပေါ်ဖြာကျအောင် ထုတ်လွှတ်ထားသောကြောင့် ထူးခြားသောမြင်ကွင်းကိုဖန်တီးနိုင်မည် ဖြစ်သည်။ ထို့ပြင် သတိပေးစနစ်တစ်ခုကဲ့သို့ မောင်းသွားရာလမ်းတလျှောက် အနီရောင်အလင်းတန်းကို အချက်ပြစည်းသဖွယ် တားထားပေးသောကြောင့် ယာဉ်အန္တရာယ် ကင်းဝေးစေပါသည်။

ကားရှေ့မီးလိုင်းနှင့်တွဲပြီး တပ်ဆင်နိုင်သောကြောင့် ကားရှေ့တွင် အနီရောင် flat laserကိုဖြန့်ခင်းထားနိုင်မည် ဖြစ်သည်။ ကားဘရိတ်မီးလိုင်းနှင့် တွဲ၍ တပ်ဆင်ပါက ဘရိတ်နင်းသည့်အခါ တိုင်းလေဆာတန်း ထွက်လာမည် ဖြစ်ပြီးကားအနောက် အချက်ပြမီးလိုင်းတွင် တပ်ဆင်ပါက အချက်ပြမီးလင်းနေစဉ်တွင် လေဆာတန်းကို ဖြန့်ခင်းထားနိုင်မည် ဖြစ်သည်။

လေဆာတန်းမှာ ၄၅ဒီဂရီ ဖြာထွက်နိုင်သောကြောင့် ဝေးလေ ပိုမိုပြန့်ကားလေ ဖြစ်သည်။ ခံနိုင်ရည် ဗို့အားမှာ ကိုးဗို့မှ ၃၈ဗို့အတွင်းဖြစ်သည်။ ရေစိုဒဏ်၊ ဖုန်ဝင်သည့်ဒဏ်နှင့် အပူချိန်ကို ၂၀ ဒီဂရီစင်တီဂရိတ်မှ ၆၀ ဒီဂရီစင်တီဂရိတ်အထိခံနိုင်ရည်ရှိသောကြောင့် နေရာဒေသရာသီဥတုမရွေးကား၏ ကြိုက်နှစ်သက်ရာအစိတ်အပိုင်းတွင် တပ်ဆင်နိုင်ကြောင်း သိရသည်။ ALZ



## ဆရာဆရာမများအား ကျောင်းဝတ်စုံလှူဒါန်း

**ညောင်တုန်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပေစိကျွန်းကျေးရွာတွင် ဆရာ ဆရာမများအား ကျောင်းဝတ် စုံနှင့် စာရေးကိရိယာလှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက အဆိုပါကျေး ရွာရှိ အလက(ခွဲ) ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးလှမင်း၊ ကေခိုင်ဦးကုမ္ပဏီမန်နေဂျာ ဦးအောင်ခင်နှင့် တာဝန်ရှိသူတို့က အလက(ခွဲ)ပေစိကျွန်းကျေးရွာ၊ အမက ဘောလုံးကျေးရွာ၊ အမက ကညင်ကောက်ကျေးရွာနှင့် အမက လင်းဝင်ကျေးရွာများသို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြသည်။

**သပြေထွန်း**


## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၃ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိသွားသော မခိုင်လေး(ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီခိုင်သင်းကြည်)အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် “နတ်ပန်းချီ” ပိုးထည်မှပိုးချိတ်အဆင်ဆန်းအား လှပတင့်တယ်စွာဝတ်ဆင်ပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

နတ်ပန်းချီပိုးထည်

**Junction Square,Yangon**

**Junction Nay Pyi Taw**



# ဌာနတံဆိပ်ဝိုင်းအတု တပ်ဆင်အသုံးပြု မောင်းနှင်သူအား အရေးယူ

**ဂန့်ဂေါ ဇန်နဝါရီ ၂၂**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် တောရောင်းရွာအနောက်ဘက် လေးဖာလုံခန့်အကွာရှိ တောထဲတွင် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၃၅ မိနစ်က ကွန်တိန်နာအဖြူရောင်ခြောက်ဘီးယာဉ်တစ်စီး ပိုင်ရှင်မဲ့ရပ်ထားကြောင်း သတင်းအရ ကျောက်ထုရဲစခန်းမှ ရဲအုပ်ကျော်မျိုးဟန်က သက်သေများနှင့်အတူ ယာဉ်အားသယ်ယူစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါယာဉ်အနီးဘေးတွင်ကပ်၍ ရပ်ထားသော စူပါကာစတန်ခဲရောင်ယာဉ်သည် ရှေ့မှန်ဘယ်ညာတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနစာတန်းပါ တံဆိပ်ဝိုင်းအတုအား တပ်ဆင်အသုံးပြု၍မောင်းနှင်သည်ကိုစစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ယာဉ်တွင် ဌာနစာတန်းပါ တံဆိပ်ဝိုင်းအတု တပ်ဆင်မောင်းနှင်သော ယာဉ်မောင်းများဖြစ်ကြသည့် အောင်ကျော်စိုး(၄၅)နှစ်နှင့် တိုင်းအောင် (၃၅)နှစ် တန့်ယန်းမြို့နေသူ နှစ်ဦးအား အရေးယူပေးရန် ရဲအုပ်ကျော်မျိုးဟန်က တိုင်တန်းခဲ့သောကြောင့် ထီးလင်းမြို့နယ် မြို့မရဲစခန်းက (ပ)၆/၂၀၁၅၊ပုဒ်မ၁၇၁/၄၆၈ ဖြင့်အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကလေးထိန်းအလုပ်ပေးရန် ခေါ်ဆောင်၍ လူကုန်ကူးသူအား အရေးယူ

**ကံမ၊ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် သက္ကယ်မြောင်ကျေးရွာအုပ်စု ပေပင်ကျေးရွာနေဒေါ်မြင့်မြင့်စန်း(၃၆)နှစ်နှင့် သမီးဖြစ်သူ မမော်မော်ခိုင်တို့အား ကံမမြို့ အမှတ်(၄)ရပ်ကွက်နေ ဒေါ်စိန်မြ(၅၈)နှစ်က ရန်ကုန်မြို့တွင် ကလေးထိန်းစျေးရောင်းရန် အလုပ်ပေးမည်ဖြစ်ကြောင်း၊ တစ်လလျှင်ငွေကျပ်ငါးသောင်းပေးမည်ဖြစ်ကြောင်းပြောဆိုစည်းရုံးသဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဒေါ်မြင့်မြင့်စန်းသည် သမီးဖြစ်သူမမော်မော်ခိုင်အား ဒေါ်စိန်မြ၏ နေအိမ်သို့ပို့ဆောင်ပေးခဲ့သည်။ ဒေါ်စိန်မြက ၎င်း၏သမီးဖြစ်သူ မနွယ်နွယ်(၃၁)နှစ်နှင့်အတူ မမော်မော်ခိုင်အား ထည့်လိုက်ပြီးနောက် မနွယ်နွယ်မှ မမော်မော်ခိုင်အား တရုတ်နိုင်ငံ ကြယ်ခေါင်မြို့သို့ခေါ်ဆောင်၍ ၎င်း၏ အနှိပ်ခန်းတွင် လုပ်ကိုင်စေသဖြင့် ရန်ကုန်မြို့တွင် ကလေးထိန်းစျေးရောင်းရမည်ပြောပြီး တရုတ်နိုင်ငံ ကြယ်ခေါင်မြို့ရှိ အနှိပ်ခန်းတွင် စေခိုင်းသူ ဒေါ်စိန်မြနှင့်မနွယ်နွယ်တို့အား တရားလို မမော်မော်ခိုင်က အရေးယူပေးရန်တိုင်တန်းသဖြင့် ကံမမြို့မရဲစခန်းက (ပ) ၃/၂၀၁၅ လူကုန်ကူးပုဒ်မ ၂၄ ဖြင့် ဇန်နဝါရီ ၁၉ ရက်က အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

# ဆိုင်ကယ်နှင့်ဆိုင်ကယ်ဆိုက်တွဲယာဉ် မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

**မော်လူး၊ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မော်လူး အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဇန်နဝါရီ၁၈ရက်ည၁၁နာရီခွဲက ဆိုင်ကယ်နှင့် ဆိုင်ကယ်ဆိုက်တွဲယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဆိုင်ကယ်ဆိုက်တွဲယာဉ်မောင်း နိုင်ဦးနှင့် မချစ်နှင်းဆွေ၊ ခင်မြင့်မြတ်ဦးတို့ လိုက်ပါလာသော ဆိုင်ကယ်ဆိုက်တွဲယာဉ်သည် မော်လူးအခြေခံပညာ အထက်တန်းကျောင်းရှေ့တွင် ရပ်ထားစဉ် တောင်မှမြောက်သို့မောင်းနှင်လာသောအောင်မင်းဦး မောင်းနှင်ပြီး အောင်ဟိန်းဇော် လိုက်ပါလာသော 125 XGJAO ဆိုင်ကယ်မှမျက်နှာချင်းဆိုင် ဝင်တိုက်မိခဲ့သည်။

ဆိုင်ကယ်ဆိုက်တွဲပေါ်တွင် လိုက်ပါလာသည့် မခင်မြင့်မြတ်ဦးမှာဘယ်ဘက်ပေါင်ကျိုးပြီး မချစ်နှင်းဆွေမှာ ဘယ်ဘက်ခေါင်းဖူးရောင်ဒဏ်ရာအသီးသီးရရှိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်လာသူ အောင်မင်းဦးမှာ ဘယ်ဘက်မျက်ခုံးကွဲဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်မင်းဦး(၂၂)နှစ် မော်လူးကျေးရွာ အင်းတော်မြို့နယ်နေသူအား ယာဉ်(ပ)၁/၂၀၁၅၊ပုဒ်မ၃၃၇/၃၃၈ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**ခင်မောင်ဆွေ**

# မှန်လုံယာဉ်နှင့် ရော်ဘာတင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ

**ကျောက်တံခါး ဇန်နဝါရီ ၂၂**

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း နယ်မြေရဲစခန်းတွင် ရဲတပ်ကြပ်ကြီး စိုးပိုင် တာဝန်မှူးတာဝန် ဆောင်ရွက်နေစဉ် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ၄၅ မိနစ်ခန့်က ရဲစခန်း၏ မြောက်ဘက် ခြောက်ဖာလုံခန့် အကွာရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ်(၁၂၂/၆) နှင့်(၁၂၂/၇)အကြားတွင် ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိကြောင်း သတင်းအရ စခန်းမှူးရဲအုပ်ဝင်းနိုင်နှင့် အတူ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်ကျော်လင်း(၂၅)နှစ် ရမည်းသင်းမြို့နေသူမောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံ အမြန်ယာဉ်သည် ရှေ့မှသွားနေသည့်ယာဉ်အားကျော်တက်စဉ် မျက်နှာချင်းဆိုင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့သွားနေသည့် ယာဉ်မောင်း ကျော်သန့်ဝင်း (၃၁) နှစ် နွားထိုးကြီးမြို့နယ်နေသူ မောင်းနှင်သည့် ဟီးနိုး ၁၂ ဘီး ရော်ဘာ ၁၆ တန်အား တင်ထားသည့် ယာဉ်နှင့် တိုက်မိခဲ့သည်။



အဆိုပါ ခရီးသည်တင်မှန်လုံ အမြန်ယာဉ် ယာဉ်မောင်း အောင်ကျော်လင်းမှာ ဒဏ်ရာများရရှိပြီး ခရီးသည်တင်မှန်လုံအမြန်ယာဉ်နောက် လိုက်ညီအောင်(၂၅)နှစ် ပျဉ်းမနားမြို့နေသူမှာ ဒဏ်ရာရရှိကာ ခရီးသည် မသီတာဝင်း (၁၉)နှစ် ကျောက်တံခါးမြို့နေသူနှင့် ဟီးနိုးယာဉ်နောက်လိုက် ဟယ်ရီရာဇာမောင်မောင် (၁၉)နှစ် နွားထိုးကြီးမြို့နေသူတွင် ဒဏ်ရာများရရှိသွားသဖြင့် ယာဉ်အား မဆင်မခြင် မောင်းနှင်သူ အောင်ကျော်လင်းနှင့် ကျော်သန့်လွင်တို့အား ပဲနွယ်ကုန်းနယ်မြေရဲစခန်းက ယာဉ်(ပ)၁/၂၀၁၅၊ ပြစ်မှုပုဒ်မ၃၃၇/၃၃၈ အရ အရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**












# အခြေခံပညာအလယ်တန်းဆင့် အဌမတန်း အစိုးရစစ် စာမေးပွဲလုပ်ငန်းဆိုင်ရာသင်တန်း ကလောတွင်ဖွင့်

**ကလောမြို့၊ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလော (ခရိုင်ခွဲ) ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်များ၏ အခြေခံပညာအလယ်တန်းဆင့် အဌမတန်း အစိုးရစစ်စာမေးပွဲလုပ်ငန်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားအစီအစဉ်အရ ရှမ်းပြည်နယ်ပညာရေးဦးစီးအရာရှိ ဦးမောင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ပညာရေးလက်ထောက်ကြီးကြပ်ရေးမှူး ဦးတန့်နိုင်က အခြေခံပညာအလယ်တန်းအဆင့် အဌမတန်းနှင့် မူလတန်းဆင့် စတုတ္ထတန်းစာမေးပွဲများ စနစ်ပြောင်းလဲစစ်ဆေးလာမှုအခြေအနေများ၊ ပြည်နယ်လက်ထောက်ကြီးကြပ်ရေးမှူး ဦးထွန်းအောင်က စာမေးပွဲစနစ်ပြောင်းလဲစစ်ဆေးမည့် စာမေးပွဲဆိုင်ရာလမ်းညွှန်မှုများ၊ ပြည်နယ်လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်စန်းစန်းမြင့်က စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက် ကြီးကြပ်ရေးမှူးများ၏ တာဝန်များ၊ စည်းကမ်းစည်းမျဉ်းများ၊ အရည်အချင်းများနှင့် ဆင့်ပွားသင်တန်းပို့ချရေးလုပ်ငန်းစဉ်များ ပို့ချဆွေးနွေးသွားကြောင်း ကလောမြို့နယ်ပညာရေးမှူး ဦးမြင့်စောက ပြောသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ပညာရေးဦးစီးအရာရှိ ဦးမောင်မောင်မြင့်၊ ပြည်နယ် လက်ထောက်ကြီးကြပ်ရေးမှူး ဦးတန့်နိုင်၊ ဦးထွန်းအောင်၊ ဒေါ်စန်းစန်းမြင့်၊ ကလောမြို့နယ်ပညာရေးမှူး ဦးမြင့်စော၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးဝင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ဌေး၊ ရွာငံမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ပင်းတယမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကလောမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ခဲ့သည်။

**ဇော်သိန်းရည်**

# ပြည်သူဗဟိုပြုသစ်တောထိန်းသိမ်းရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်များ ပေးအပ်

**လောင်းလုံး၊ ဇန်နဝါရီ ၂၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပြည်သူဗဟိုပြု သစ်တောထိန်းသိမ်းရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါလုပ်ငန်းအား လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် သစ်တောဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လောင်းလုံးကြိုးဝိုင်းအတွင်း၌ ဒေသခံပြည်သူအစုအဖွဲ့နှစ်ဖွဲ့သို့ ရေထွက်ထိန်းတောဧရိယာ ဧက ၃၄၀ အား သစ်တော တည်ထောင်ခွင့်လက်မှတ် ပေးအပ်ခြင်း အခမ်းအနားအား ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲက သကျက်တောကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဦးစိုးတင့်-၁ (သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ထားဝယ်ခရိုင်) က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ရရှိရေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အားလည်းကောင်း၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ် (WCS) တနင်္သာရီတိုင်းတာဝန်ခံ ဦးကျော်သင်းလတ်က ရေထွက်များ၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရခြင်းရည်ရွယ်ချက်အားလည်းကောင်း၊ Eco Dev မှ တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံ ဦးမျိုးဦးက မြေယာရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရေးအကြောင်းအားလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစိုးတင့်-၁ (သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ထားဝယ်ခရိုင်) က ရွှေရင်းရဲဘော်နှင့် တောင်စွယ်တောင်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်များအား ဒေသခံများထံပေးအပ်ခဲ့သည်။

ယနေ့အထိ ထားဝယ်ခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ ၁၄ ဖွဲ့မှ သစ်တောဧရိယာ ၁၄၃၆၀ ဧကအား ဒေသခံပြည်သူအဖွဲ့ပိုင် သစ်တောများအဖြစ် တည်ထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# မကွေးမြို့ မဲထီးလမ်း၏ ပျက်စီးအစိတ်အပိုင်းများ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး



**မကွေး၊ ဇန်နဝါရီ ၂၂**

မကွေးမြို့၏အရေးပါသော အရှေ့အနောက်လမ်းမကြီးငါးလမ်းတွင် တစ်လမ်းအပါအဝင်ဖြစ်သော မဲထီးလမ်းမကြီးပေါ်ရှိ ပျက်စီးနေသည့်လမ်းအစိတ်အပိုင်းများ ကတ္တရာခင်းခြင်းလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေကျပ်သိန်း ၁၁၁၅၂၄၂၇ အသုံးပြု၍ ၂၀၁၄ ဒီဇင်ဘာ ၂၇ ရက်တွင် ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ဇန်နဝါရီ ပထမပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၄-၂၀၁၅ ရန်ပုံငွေဖြင့် ပျက်စီးလမ်းအစိတ်အပိုင်းတစ်ခုဖြစ်သော တောင်မြောက်လမ်းသွယ်ရွာသစ် ၁၇ လမ်းမှ တိုင်းလုံးအောင်လမ်းအထိ အရှည်ပေ ၅၅၀၊ အကျယ် ၁၆ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် မကွေးမြို့အနောက်ဖျားကမ်းနားလမ်းမှ အရှေ့ဖျားမြို့ပတ်လမ်းအထိ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးလုပ်ငန်းစဉ်တစ်ခု အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါလမ်းမကြီးပေါ်တွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ မကွေးတိုင်းဒေသကြီးလွှတ်တော်၊ အဝေးပြေးကားကြီးကွင်း၊ ရန်ပယ်ဈေးနှင့် အခြား အထင်ကရအဆောက်အဦများရှိပြီး ရန်ကင်းရပ်ကွက်၊ ရန်ကျော်ရပ်ကွက်၊ မြင်သာရပ်ကွက်၊ ပြည်တော်သာရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ ဈေးလယ်စိုးရပ်ကွက်များကို ဖောက်လုပ်သွယ်တန်းထားခြင်းကြောင့် နေ့စဉ်ယာဉ်အစီးရေ ရာဂဏန်း၊ လူဦးရေထောင်ဂဏန်း နေ့ညမပြတ်သွားလာနေသော လမ်းမကြီးတစ်ခုဖြစ်သည်။

အဆိုပါလမ်းမကြီး၏ လမ်းအစိတ်အပိုင်းအချို့တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုဝန်အားကြောင့် ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်နေခဲ့ပြီး ကတ္တရာလမ်းအပေါက်များနှင့် ချိုင့်ခွက်များက ယာဉ်အန္တရာယ်အတွက် စိုးရိမ်ရမည့်အနေအထားများ ဖြစ်နေခဲ့ရသည်။

**ဇေယျာတု(မကွေး)**

















မြို့ရှာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်








## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်၊ သီဟိုဠ်လမ်း၊ မောင်ဇော်မိုး[၉/ခမန(နိုင်)၀၇၉၈၅၂]အမည်ပေါက် မြေကွက်အမှတ် (၁၆၂)၊ ဧရိယာ ပေ(၄၀×၆၀)နှင့်မယဉ်ယဉ်အောင်[၁၂/ရပသ(နိုင်)၀၈၁၆၈၁]အမည်ပေါက်မြေကွက်အမှတ်(၁၆၃)၊ ဧရိယာ ပေ(၄၀×၆၀)တို့ကို စာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူထားသော ကိုဝင်းနိုင်ဦး[၁၂/ဒဂတ(နိုင်)၀၃၉၀၁၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးချမ်းမြေ့ထွန်း [၅/ဝလန(နိုင်)၀၀၀၂၈၈]က ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက အထောက် အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ညိုညိုဝင်းစိန် **L.B,D.B.L,D.I.L,D.M.L**
အထက်တန်းရှေ့နေ(စဉ်-၂၉၃၆၂)
အခန်း(၁၀၄)၊ **A-Block** တိုက်အမှတ်(၁၂)၊
(၁၅)လမ်း၊ ယုဇနဥယျာဉ်မြို့တော်
ဖုန်း-၀၉-၄၂၁၀၅၀၇၄၅

# အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲပြုလုပ်

**တောင်ကြီး၊ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် တောင်နီကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း တောင်နီကျေးရွာရှိ ကျောင်းဆောင်သစ်၌ ပြုလုပ်ရာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဆရာကြီးဦးချစ်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း တောင်နီဆိုင်းဘုတ်ကို အမွှေးနံ့သာပက်ဖျန်းခဲ့ကြသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသိန်းဌေးက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေးဌာနမှ ပေ ၅၄၀×၃၀ RC နှစ်ထပ်ကျောင်းဆောင် နှစ်ဆောင်ဆောက်လုပ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းသောငွေကျပ် ၁၀ သိန်းနှင့် ကွန်ပျူတာတစ်စုံ၊ လျှံတူးအောင်ကုမ္ပဏီက စာရေးခုံအတွက် ၂၄ သိန်း၊ ရေသန့်စက်အတွက် ၁၀ သိန်း၊ ကျောင်းဆောင်အတွက် ၅ သိန်း၊ အငြိမ်းစားယူသွားသောဆရာမကြီး ဒေါ်မြင့်ကြည်ပြာနှင့် တပည့်များက ရေသန့်စက်တို့ကို ယင်းနေ့က ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ကျိုက်ထို၊ ဇန်နဝါရီ ၂၂**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်နှင့် ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများ စာပေဖတ်ရှုမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှင်သန်ခိုင်မာစေရန်အတွက် ဇန်နဝါရီ ၁၉ ရက်နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျောင်းသူ၊ ကျောင်းသားလေးများနှင့် တွေ့ဆုံပြီး နယ်လှည့်စာကြည့်တိုက်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင် (ပြန်/ဆက်)**

# အောင်တော်မူဘုရားတွင် နှစ်ကိုးပ်ရှစ်ဆူဘုရားများကို ရောင်တော်ဖွင့်ကုသိုလ်ယူရင်း ဗုဒ္ဓဝင်အကျဉ်းကိုလေ့လာနိုင်

**à wdfvref**



မန္တလေးမြို့တွင် နေ့စဉ် မြို့ခံဘုရားဖူးများ ဘုရားဝတ်ပြုသူများဖြင့် စည်ကားနေသော ဘုရားများထဲတွင် အောင်တော်မူဘုရားပါဝင်သည်။ အောင်တော်မူဘုရားတွင် နံ့သာသွေးအလှူ၊ အကြွေစေ့အလှူ၊ ငါးစာကျွေးအလှူ၊ နတ်နန်းများ ငှက်လွှတ်သည့်အလှူများနှင့်အတူ အခြားကုသိုလ်ပြုစရာများစွာ တည်ရှိသည်။ ဘုရားဝင်းအတွင်းတွင် ခုနစ်နေ့ ခုနစ်နံ ရေသပ္ပာယ်ရင်း တရားစာအုပ်များစွာကိုအခမဲ့ဖတ်ရှုနိုင်သည်။ အောင်တော်မူဘုရားတွင် နေ့စဉ် ညနေတိုင်းဘုရားဖူးများဖြင့် စည်ကားလေ့ရှိသည်။

အောင်တော်မူဘုရား တိုးချဲ့နှစ်ထပ်ဓမ္မာရုံပေါ်တွင် နှစ်ကိုးပ်ရှစ်ဆူဆင်းတုတော်များကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။ ဆင်းတုတော်များတွင် မုဒြာဟန်အမျိုးမျိုးဖြင့် ထုဆစ်ထားသည်။ နှစ်ကိုးပ်ရှစ်ဆူဘုရားများကို ရောင်တော်ဖွင့်ကာ အများအားဖြင့် ကုသိုလ်ယူလေ့ရှိကြသည်။ ဘုရားဖူးသူများသည် ရောင်တော်ဖွင့်ကုသိုလ်ယူရာတွင် နေ့နံအလိုက် ကုသိုလ်ယူသည်များလည်းရှိသည်။

နှစ်ကိုးပ်ရှစ်ဆူဘုရားများကို ရောင်တော်ဖွင့် ကုသိုလ်ယူရင်း နှစ်ကိုးပ်ရှစ်ဆူဘုရားများ၏ ဗုဒ္ဓဝင်အကျဉ်းကို လေ့လာနိုင်သည်။ နှစ်ကိုးပ်ရှစ်ဆူဘုရားတစ်ဆူတွင် ကြေးပြားများဖြင့် ဗုဒ္ဓဝင်အကျဉ်းကို ရေးထိုးထားသည်။ ရေးထိုးထားရာတွင်နှစ်ကိုးပ်ရှစ်ဆူဘုရားဘွဲ့တော်များကို ရေးထိုးပြီး နေ့နံများပါ ရေးထိုးပေးထားသည်။ နှစ်ကိုးပ်ရှစ်ဆူဘုရားများတွင် တဏှင်္ကရာမြတ်စွာဘုရားဘွဲ့တော်၊ တဏှင်္ကရာနေ့ဖွား-စနေ၊ ခမည်းတော်-နရိန္ဒမင်း၊ ကြင်ယာတော်-သီရိစန္ဒီ၊ မျိုးနွယ်-မင်းမျိုး၊ ဗောဓိပင်၊ ကံ့ကော်၊ ဒုက္ခရစရိယာ-ဆယ်လ၊ ညာဏ်တော်-၈၈ တောင်၊ ရောင်ခြည်တော်-၃ ယူဇနာ၊ ပွင့်သည့်ကမ္ဘာ-သာရမဏ္ဍ၊ ပွင့်သည့်ကာလ-လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ မုဒြာဟန်-ဈာနမုဒြာဟု ပြည့်စုံစွာ ရေးထိုးထားသည်။

ဘုရားဖူးများနှင့် ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များသည် ဘုရားရုပ်ပွားတော်များကို ရောင်တော်ဖွင့်ရင်း ဗုဒ္ဓဝင်အကျဉ်းကို လေ့လာလေ့ရှိသည်။ ထို့အတူပင် ၂၈ ဆူမြောက်ဂေါတမမြတ်စွာဘုရားထိ ရေးထိုးထားသည်။ ဂေါတမမြတ်စွာဘုရား ရုပ်ပွားတော်တွင် ဘွဲ့တော်-ဂေါတမ၊ နေ့ဖွား-သောကြာ၊ ခမည်းတော်-သုဒ္ဓေါဒနမင်း၊ မယ်တော်-မဟာမာယာ၊ ကြင်ယာတော် -ယသော်ဓရာ၊ သားတော်-ရာဟုလာ၊ အလုပ်အကျွေး-အာနန္ဒာ၊ မျိုးနွယ်-မင်းမျိုး၊ မြို့တော်-ကပိလဝတ်၊ တောထွက်ယာဉ်-ကဏ္ဍကမြင်း၊ ဗျာဒိတ်ခံဘဝ-သုမေဓာရသေ့၊ ဗောဓိပင်၊ ညောင်ဗုဒ္ဓဟေ၊ ပလ္လင်အမြင့်-၁၄ တောင်၊ ဒုက္ခရစရိယာ-၆ နှစ်၊ ညာဏ်တော်-၁၈ တောင်၊ ရောင်ခြည်တော်-၄၀၀၀ ယူဇနာ၊ လက်ျာရံထေရ်(ကျား)-သာရိပုတ္တရာ၊ လက်ယာရံထေရ်(မ)-ခေမာထေရီ၊ လက်ဝဲရံထေရ်(ကျား)-မောဂ္ဂလာန၊ လက်ဝဲရံထေ(မ)-ဥပ္ပလဝဏ္ဏာ၊ ပွင့်သည့်ကမ္ဘာ-ဘဒ္ဒကမ္ဘာ၊ ပွင့်သည့်ကာလ-ယခုကမ္ဘာ၊ သက်တမ်း-တစ်ရာ၊ ပရိနိဗ္ဗာန်စံရာအရပ်-အင်ကြင်းတောဥယျာဉ်၊ မုဒြာဟန်-ဝိတက္ကမုဒြာစသည်ဖြင့် ပြည့်စုံစွာဖော်ပြပေးထားသည်။

ယခုအခါတွင် အောင်တော်မူဘုရားသို့ သွားရောက်ဖူးမြော်ကြသော ဘုရားဖူးများသည် ဘုရားဖူးရင်း ဗုဒ္ဓဝင်များကို အလွယ်တကူလေ့လာရသည့်အတွက် အသိလည်းတိုး၊ ကုသိုလ်လည်းရ မည်ဖြစ်သည်။



# ကျေးရွာအရောက် ဆိုလာမီးများ ခွဲဝေပေး

**ငဖဲ၊ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မင်းလွင်ကျေးရွာအုပ်စု မင်းလွင်ကျေးရွာ ဓမ္မာရုံတွင် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၅၈ သန်းဖြင့် ဇမ္ဗူရာဇ် ပုလဲထရေးရှင်းမှ တာဝန်ယူ ဆောင်ရွက်သည့် ဆိုလာမီး ၂၂၅ ယူနစ်အား မင်းလွင်ကျေးရွာအုပ်စုရှိ မင်းလွင်ကျေးရွာမှ အိမ်ခြေ ၆၉ အိမ်၊ အိုးမြေကျေးရွာမှ အိမ်ခြေ ၇၉ အိမ်နှင့် ဝက်ဘာကျေးရွာမှ အိမ်ခြေ ၇၇ အိမ် စုစုပေါင်း ၂၂၅ အိမ်သို့ ဆိုလာမီးခွဲဝေပေးခြင်းအခမ်းအနား ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးယုနိုင်လင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဇမ္ဗူရာဇ် ပုလဲထရေးရှင်းမှ မကွေးတိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာ ဦးပြည့်ဖြိုးသူက ဆိုလာမီးသုံးစွဲပုံများရှင်းလင်းပြသခဲ့ပြီး ၎င်းဆိုလာမီး ၂၂၅ ယူနစ်အား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဇမ္ဗူရာဇ် ပုလဲထရေးရှင်းကုမ္ပဏီမှ ဆိုလာမီး တစ်ယူနစ်တွင် ပါဝင်ပစ္စည်းများဖြစ်သည့် 80 W ဆိုလာပြား၊( 70 w ) ဘက်ထရီ၊ Lamper controller 300 W အင်ဗာတာ၊ AC (20 w) မီးချောင်းတစ်ချောင်း၊ DC 5 W မီးလုံး နှစ်လုံးတို့အား အခမ်းအနားသို့တက်ရောက်လာသော ဒေသခံများရှေ့တွင် ဆိုလာမီးတစ်ယူနစ်၏ မီးလင်းအားများအား စမ်းသပ်စစ်ဆေး ပြသပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မဲဖောက်စနစ်ဖြင့် လူနေအိမ် ၃၇၅ လုံး ခွဲဝေချထားပေး

**ဂန့်ဂေါ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရေဝပ်ဧရိယာအတွင်း ကျရောက်မည့် ပနန်း၊ ယင်းမာ၊ စင်ပုံနှင့် စပယ်ကျေးရွာများမှ ပြည်သူများအတွက် စံပြကျေးရွာကွက်သစ်ကို စီမံကိန်း၏လုပ်ငန်းစဉ်တစ်ခုအဖြစ် ထည့်သွင်းဖော်ထုတ် တည်ဆောက်ထားသည့်အိမ်ရာများအား မဲစနစ်ဖြင့်ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောက်လုပ်ရာတွင် ပနန်းကျေးရွာအတွက် ၁၃၅ လုံး၊ ယင်းမာကျေးရွာအတွက် ၆၇ လုံး၊ စင်ပုံ ကျေးရွာအတွက် ၉၆ လုံး၊ စပယ်ကျေးရွာအတွက် ၇၇ လုံးတို့ကို ဆောက်လုပ်ထားကြောင်းသိရသည်။

အဆိုပါ စံပြကျေးရွာကွက်သစ်ရှိ နေအိမ်များအား ဇန်နဝါရီ ၁၅ ရက်က သက်ဆိုင်ရာ ကျေးရွာနေ ပြည်သူများအတွက် အိမ်ထောင်စုများအလိုက် မဲဖောက်စနစ်ဖြင့် ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မဲဖောက်စနစ်ဖြင့် ခွဲဝေချထားရာသို့ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်နှင့် ခရိုင်အဆင့် ကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၄၆၅)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကွင်းဆင်းစစ်ဆေး

**တီးတိန်၊ ဇန်နဝါရီ ၂၂**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်မှူး ဦးမောင်မောင်နိုင်မင်းနှင့် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်တို့သည် ဇန်နဝါရီ ၁၉ ရက်က တွီးထန်၊ မွာလ်လုမ်းနှင့် တွာလ်ဇန်ကျေးရွာသို့ ကွင်းဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းသည် ကျေးလက်နေပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ဆင်းရဲမှုလျှော့ချရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ မမျှော်မှန်းနိုင်သောဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှုကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်အတွက် နိုင်ငံတော်မှ အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ စီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ခရိုင်မှူးနှင့်အဖွဲ့သည် ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများဖွဲ့စည်း၍ ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။

**ဓိုဟေးဆာ**

# ဘီးလင်းမြို့နယ်အခြေခံကျောင်းများတွင် ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်

**ဘီးလင်း၊ ဇန်နဝါရီ ၂၂**

သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ အဖွဲ့လိုက် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပထမအဆင့်ထိုးနှံခြင်းကို ဇန်နဝါရီ ၁၉ ရက် မှ၂၇ ရက်အထိ ကျောင်းအခြေပြု ဆောင်ရွက်ခြင်းဖြစ်ကာ ဘီးလင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အသက် ၅ နှစ်မှ ၁၅ နှစ် အထိ ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဒုတိယအဆင့်ထိုးနှံခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် မှ ၂၈ ရက် အထိ ပြည်သူလူထုအခြေပြု ဆောင်ရွက်မည်ဖြစ်ရာ အသက် ၉ လမှ ၁၅နှစ်အထိ ဒေသခံများကို ဆေးထိုးအဖွဲ့ ၅၀ ဖြင့် လိုက်လံထိုးနှံပေးမည်ဖြစ်သည်။ **အေးမျိုးမျိုးစံ( ပြန်/ဆက်)**











## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်စိုးအောင်[၁၂/ဗတထ(နိုင်)၀၃၅၀၂၃] သည် မိဘများသဘောမတူသည့်ကိစ္စကို ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

ဦးအောင်ချစ်
[၁၂/ဗတထ(နိုင်)၀၂၀၉၆၁]
ဒေါ်သင်းသင်းဟန်
[၁၂/ဗတထ(နိုင်)၀၂၈၀၅၂]

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်လှလှပိုင်[HZA ၂၁၈၅၇၅]၏ သား မောင်ဆန်းမင်းပိုင်[၁၄/ဟသတ(နိုင်) ၃၂၂၂၇၁]သည် မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအား ကြော်ငြာပါသည့်နေ့မှစ၍ အမွေပြတ်စွန့်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်လှလှပိုင်

## သားအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မြတ်လေးလမ်း၊ နယ်မြေ(၁၀)နေ ဦးမြင့်လှိုင်-ဒေါ်အေးအေးဖြူတို့၏ သားလတ် မောင်အောင်ကိုကိုလတ်၊ မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၂၀၄၇၄၉]သည် မိဘများပြောဆိုဆုံးမသည်များအား အကြိမ်ကြိမ်လိုက်နာ နားထောင်ခြင်းမရှိသဖြင့် ဤကြော်ငြာစာပါရှိသည့်နေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောင်တွင်၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စ၊ ပြဿနာတစ်စုံတစ်ရာမျှလိုက်ပါ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းသိစေအပ်ပါသည်။

ဦးမြင့်လှိုင်
[၁၃/ပတယ(နိုင်)၀၀၀၇၅၀]
တောင်ကြီးမြို့။

## မြစိမ်းရောင်ကျေးရွာစီမံကိန်းတိုးချဲ့ဆောင်ရွက်ခြင်းနှင့် ငွေစာရင်းရေးသွင်းနည်းသင်တန်း ဖွင့်လှစ်

**ထားဝယ်၊ ဇန်နဝါရီ ၂၂**

၂၀၁၄-၂၀၁၅ခုနှစ်ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြစိမ်းရောင်ကျေးရွာစီမံကိန်းတိုးချဲ့ဆောင်ရွက်ခြင်းနှင့် ငွေစာရင်းရေးသွင်းနည်းသင်တန်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့ သဲချောင်းကြီးကျေးရွာတွင် ဇန်နဝါရီ ၁၃ ရက်နှင့် ထားဝယ်မြို့ ရှမ္မတွင်းကျေးရွာတွင် ဇန်နဝါရီ ၁၇ရက်တို့တွင် ကျင်းပခဲ့သည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းတိုးချဲ့ဆောင်ရွက်ရာတွင်တိုင်းဒေသကြီးဦးစီးမှူးဦးသက်ပိုင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ထားဝယ်ခရိုင်ဦးစီးမှူး ဦးငွေသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေလုပ်ထုံးလုပ်နည်းနှင့် ငွေစာရင်းရေးသွင်းခြင်းများကိုလည်းကောင်း၊ ထားဝယ် မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းဌေးကလက်တွေ့ ငွေစာရင်းရေးသွင်းနည်းများအားရှင်းလင်းဆွေးနွေးပို့ချခြင်းနှင့် ကျေးရွာကော်မတီများရွေးချယ်ဖွဲ့စည်းခြင်းများကိုလည်းကောင်း ပို့ချခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် ၁၀ ရွာ၊ ရေဖြူမြို့နယ်တွင် ၁၁ ရွာ၊သရက်ချောင်းမြို့နယ်တွင်တစ်ရွာ၊ ထားဝယ်မြို့နယ်တွင်တစ်ရွာ စုစုပေါင်း ၂၃ ရွာမှ အသင်းဝင်မိသားစု ၂၀၆၄ စုတို့အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၆၉၀ ဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ထားဝယ် (ပြန်/ဆက်)**

## ကွန်ကရစ်ဓာတ်တိုင်များအစားထိုးလဲလှယ်

**ပေါက်ခေါင်း၊ ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်သူဦးဆောင်သောဝန်ထမ်းများသည် ဇန်နဝါရီ၁၉ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပေါက်ခေါင်းမြို့ (၁) ရပ်ကွက်ပုလဲလမ်းရှိ ဆွေးမြည့်သစ်သားတိုင်များကို ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့်အစားထိုးလဲလှယ်တည်ဆောက်ခဲ့ကြောင်းသိရသည်။

**(မြို့နယ်လျှပ်စစ်)**

## စိုက်ပျိုးတောင်သူ ၃၉ဦးအား ပံ့ပိုးပစ္စည်းများ ပေးအပ်

**နေပြည်တော်၊ ဇန်နဝါရီ ၂၂**

၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးပုလဲသွယ်သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသောတောင်သူများအား ပံ့ပိုးပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး စိုက်ပျိုးတောင်သူ ၃၉ ဦးကို တိုင်းစိုက်ပျိုးရေး ဒုတိယဦးစီးမှူး ဦးဝင်းဦးနှင့် တာဝန်ရှိသူများက ပံ့ပိုးရေးပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲကျင်းပ

**ကျောက်ပန်းတောင်း၊ ဇန်နဝါရီ ၂၂**

ဒေသခံလူငယ်များ၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့် လက်ဆင့်ကမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၅) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု လယ်ယားတောင်ရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ ကျေးရွာတစ်ရွာလျှင် ကျေးလက်လူငယ် ငါးဦးစီဖြင့် လယ်ယာတောင်ကျေးရွာ၊ တောင်ခြေကျေးရွာ၊ရွာလပ်ကျေးရွာ၊ရေထွက်ကျေးရွာတို့မှ စုစုပေါင်းလူငယ် ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။ အဆိုပါသင်တန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်း၊ တံတား၊ ရေပေးရေးမီးလင်းရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်မွေးမြူခြင်းနှင့် ကာကွယ်ကုသခြင်းဆိုင်ရာများကိုလည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာနမှ ပျားမွေးမြူရေးအကြောင်းသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကျေးလက်ဒေသနေပြည်သူများဆင်းရဲမှုလျော့ကျရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းများဆောင်ရွက်

**ကျိုက်မရော၊ ဇန်နဝါရီ ၂၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲမှုလျော့ကျစေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဦးလေးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ရန်ပုံငွေကြီးကြပ်ရေးကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီရွေး ချယ်တင်မြှောက်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ပထမပတ်က အဆိုပါ ကျေးရွာတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ကျိုက်မရောမြို့နယ်တွင် ဦးလေးကျေးရွာအပါအဝင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလေးရွာဆောင်ရွက်ပြီးဖြစ်ကြောင်းသိရသည်။

**(ကျေးလက်ဦးစီး)**

# ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်သစ်သီးဝလံပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် ရည်ရွယ်၍ တောင်သူလယ်သမားနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲကို မတ် ၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယိုအဆင့်မြင့်ဧက ၉၀၀ စံပြစိုက်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ဆုများကို သီးနှံအလိုက် ပထမဆု ကျပ် တစ်သိန်းခွဲ၊ ဒုတိယဆု ကျပ်တစ်သိန်း၊ တတိယဆု ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး နေပြည်တော် ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်သူများသည် မိမိစိုက်ခင်းနှင့်အတူ မှတ်တမ်းဓာတ်ပုံ ကြိုတင်တင်ပြရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပါဝင်ယှဉ်ပြိုင်လိုသည့် စိတ်ကြိုက်သီးနှံအမျိုးအစားနှင့် သီးနှံအရေအတွက်ကို မတ် ၁ ရက် နံနက် ၁၀ နာရီ မတိုင်မီအရောက် စက်စက်ယိုအဆင့်မြင့် ဧက ၉၀၀ စံပြစိုက်ကွင်း၊ သစ်သီးဝလံပြခန်းသို့ ပေးပို့အပ်နှံရမည်ဖြစ်ပြီး ပြိုင်ပွဲတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာနက အချိန်မီ ဆက်လက်ထုတ်ပြန် ကြေညာမည်ဖြစ်ကာ ပြိုင်ပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၀၀၀၇ နှင့် ၀၆၇-၄၁၀၁၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(အောင်မိုး–MOAI)**






### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(၄၉-၁၄)၊ ဦးပိုင်(၁၆)၊ ၅၉×၆၀ Aလမ်း၊ ကျန်စစ်သားလမ်းတောင်ဘက်ရှိ ဦးဆန်းထွန်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးအောင်ကျော်ဆွေ[၅/ဆလက(နိုင်)၀၀၁၁၂၃]မှ မြေစလစ် မြို့သစ်တိုးချဲ့ဖော်ထုတ် ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉**

(ကွယ်လွန်သူ ဦးအောင်မော်(ခ)ဦးမြင့်ဆွေကျန်ရှိရစ်သော ပစ္စည်းများအကြောင်း)

ဒေါ်မြင့်မြင့်အေး — လျှောက်ထားသူ

အမှတ်-၁၂၀/ခ၊ (မြေညီထပ်)၊ဆိပ်ကမ်းသာလမ်း၊

အမှတ်(၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်မြင့်မြင့်အေးက ကွယ်လွန်သူ ဦးအောင်မော်(ခ) ဦးမြင့်ဆွေ၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးအောင်မော်(ခ) ဦးမြင့်ဆွေ၏ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်မော်(ခ)ဦးမြင့်ဆွေ၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်ဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော်၂ရက်)နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက် တွင် လျှောက်ထားသူ ဒေါ်မြင့်မြင့်အေး၏ လျှောက်ချက်ကို နာကြား၍ လက်မှတ် ရသင့်၊ မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမော်)

ဒုတိယခရိုင်တရားသူကြီး(၇)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

# နွေးထွေးစွာ ကမ်းလာမည့်လက်များကို မျှော်လင့်နေသည့် ဘိုးဘွားများ

à aeZmZmxe(alu;r)k

အမိဝမ်းမှနေ၍ ပခုံးလက်နှစ်သစ်အရွယ် လူမမယ်ကလေးငယ်ဘဝမှသည် အရွယ်သုံးပါးကို ဖြတ်သန်းရှင်သန်ကြရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ပထမအရွယ်တွင် မိဘဆရာသမားများ၏ သွန်သင်ဆုံးမမှုအောက်မှ ဒုတိယအရွယ်၊ နောက်ဆုံး တတိယအရွယ်ဖြစ်သော ဆံဖြူသွားကျိုးသည့် ဘဝနေဝင်ချိန်ကို ဖြတ်သန်းရင်း အို၊ နာ၊ သေဘေးကို လူသားတိုင်း မလွှဲမရှောင်သာ ကြုံတွေ့ကြရပေဦးမည်။ ဆံဖြူသွားကျိုးပြီး အပြုစုခံဘဝသို့ ကျရောက်သွားချိန်တွင် ၎င်းတို့အတွက် နွေးထွေးကျင်နာသော မေတ္တာတရားများ မိသားစုအသိုင်းအဝိုင်းနှင့် လူသားတစ်ရပ်လုံးက ဖြည့်စွမ်းပေးရန် အရေးကြီးပါသည်။

လူမှုအသိုင်းအဝိုင်းအကြား သားသမီး၊ ဆွေမျိုးများ၏ ဖေးမကူညီမှု၊ နွေးထွေးကျင်နာ

**နောက်ဆုံးတတိယအရွယ် ဖြစ်သည့် ဆံဖြူသွားကျိုးသော ဘဝနေဝင်ချိန်ကို ဖြတ်သန်းရင်း အို၊ နာ၊ သေ ဘေးကို လူသားတိုင်းမလွှဲမရှောင်သာ ကြုံတွေ့ရပေဦးမည်. . . . .**

သည့် မေတ္တာများရရှိသည့် ဘိုးဘွားများရှိသကဲ့သို့ သားသမီး၊ ဆွေမျိုးအသိုင်းအဝိုင်း၏ အငြိုငြင်ခံ၊ အပစ်ပယ်ခံထားရသည့် အဘိုးအဘွားများလည်း ဒုနှင့်ဒေး လောကအလယ်တွင် တွေ့နိုင်ပါသည်။ သားသမီး၊ ဆွေမျိုးမရှိဘဲ တစ်ဦးတည်း ဘဝကို ပင်ပင်ပန်းပန်းရှင်သန်ရင်း အိုမင်းမစွမ်းချိန်ရောက်ရှိလာသည့် အထီးကျန်ဆန်ပြီး ဘဝနေဝင်ချိန်ကို မလှမပဖြင့် စောင့်ဆိုင်းနေရသူများလည်း အများအပြားရှိသည်။

ယနေ့ကမ္ဘာပေါ်တွင် စိန်ခေါ်မှုကြီး နှစ်ခုဖြင့် ရင်ဆိုင်နေရပြီး ယင်းတို့မှာ ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေအချိုးအစားပြောင်းလဲမှုပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေ တိုးပွားလာမှု၏နောက်တွင် လူ့သက်တမ်းစေ့နေနိုင်ရေးနှင့် လူ့မျှော်မှန်းသက်တမ်းတိုးလာမှုတို့ကြောင့် ဘိုးဘွားဦးရေမှာလည်း သိသိသာသာ တိုးလာလျက်ရှိသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံများက ဘိုးဘွားများ၏ အခန်းကဏ္ဍကို အလေးပေးလုပ်ဆောင်လာကြသည်။ မြန်မာနိုင်ငံတွင်လည်း သက်ကြီးဘိုးဘွားများ၏ ကာကွယ်စောင့်ရှောက်မှုအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ကာ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များကလည်း သက်ကြီးဘိုးဘွားများအား ကူညီစောင့်ရှောက်မှုများ ပြုလာကြသည်။

မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် လုပ်ငန်းစဉ်(၈)ရပ်အနက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုအဖြစ် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေမှ ၂၅ရာခိုင်နှုန်းစုဆောင်းထားရှိသော ရန်ပုံငွေမှ အသက်(၁၀၀)နှင့် အထက် သက်ကြီးအဘိုး ၁၆၉ ဦး၊ အဘွား၄၀၀ စုစုပေါင်း ၅၆၉ ဦးတို့အား ဂုဏ်ပြုခံသက်ကြီးဝါကြီး ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီကို ပေးအပ်ချီးမြှင့်နေသည်မှာလည်း သက်ကြီးဘိုးဘွားများအတွက် နွေးထွေးသော လက်များပင်ဖြစ်ပါသည်။

သို့သော် ၁၀ရာခိုင်နှုန်းခန့်ရှိသော သက်ကြီးဘိုးဘွားများအား ကာကွယ်စောင့်ရှောက်မှုသည် နိုင်ငံတစ်ဝန်းတွင် ၃၀ ရာခိုင်နှုန်းခန့်သာ ကာကွယ်စောင့်ရှောက်နိုင်သေးကြောင်း သိရရာ တစ်နိုင်ငံလုံးနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေပါသေးသည်။ နိုင်ငံတစ်ဝန်း နိုင်ငံ့လူဦးရေ၏ ၁၀ရာခိုင်နှုန်းခန့်သည် သက်ကြီးရွယ်အိုများဖြစ်ပြီး ယခုနှစ်တွင် သက်ကြီးရွယ်အိုဦးရေမှာ မြင့်တက်လာနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို ငါးသန်းကျော်ရှိပြီး အသက်(၆၀)နှင့် အထက်ဦးရေမှာ ကိုးရာခိုင်နှုန်းခန့်ရှိသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ရာခိုင်နှုန်းမှာလည်း ကျေးလက်ဒေသများတွင် နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်သဖြင့် နိုင်ငံတစ်ဝန်း လက်လုပ်လက်စားဖြင့် ဘဝကို ရုန်းကန်ရင်းဘဝနေဝင်ချိန်ရောက်ရှိသူဘိုးဘွားများ အများအပြားရှိပေလိမ့်မည်။

ဘိုးဘွားရိပ်သာတွင် ခိုကိုးကြရသည့် မိသားစုအစွန့်ပစ်ခံ သက်ကြီးဘိုးဘွား အချို့၏ အကြောင်းအရင်းများအနက် မိသားစု စားဝတ်နေရေးအပြင် နောက်ထပ်ခြိမ်းခြောက်မှုတစ်ခုမှာ မကျန်းမမာဖြစ်ပါက ကျန်းမာရေးကုသစရိတ် မသုံးစွဲနိုင်ခြင်းကြောင်း သိရသည်။ နောက်ထပ် ခိုကိုးသူများမှာ လမ်းဘေးတွင် ဘဝကို ပင်ပန်းဆင်းရဲစွာ ရှာဖွေရင်း အသက်အရွယ်ကြီးလာကာ လုပ်ကိုင်ရှာဖွေစားသောက်နိုင်စွမ်း မရှိခြင်းကြောင့် ရောက်ရှိလာကြသူများကိုလည်း တွေ့ရသည်။

သက်ကြီးဘိုးဘွားများသည် မိမိတို့၏ မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းနှင့် လူမှုဝန်းကျင်ရှိလူသားတို့၏ နွေးထွေးသော မေတ္တာများကို မျှော်လင့်တောင့်တနေကြပေလိမ့်မည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှ စ၍ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည့် မိဘဘိုးဘွားများအား တစ်လှည့်ပြန်လည်စောင့်ရှောက်ရမည်မှာ စောင့်ထိန်းအပ်သည့် လောကတာဝန် တစ်ရပ်ပင်ဖြစ်သည်။ ကျွေးဟောင်းကိုဆပ်၍ ကျွေးသစ်ကိုချပြီး နောင်သံသရာအတွက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်သွားကြရမည်ဖြစ်သည်။ သံသရာစက်ဝန်းကြီးလည်ပတ်နေသေးသရွေ့ မိမိသည်လည်း တစ်နေ့တွင် ဘိုးဘွားတို့၏

**မိဘ ဘိုးဘွားများ၏ ဘုရားရှိခိုးအမျှပေးဝေသံလေးများသည်လည်း အိမ်၏မင်္ဂလာအရှိဆုံးသော ဆည်းလည်းသံလေးများ ဖြစ်နေဦးမည်သာဖြစ်သည်. . . . . . . . .**

နေရာကို လက်လွှဲယူကြရပေဦးမည်။ မိမိသည်လည်း နောင်တစ်ချိန်တွင် ဘိုးဘွားတို့၏ ခံစားချက်အတိုင်း ခံစားကြရပေဦးမည်ဖြစ်သည်။

သားသမီးများ၊ လူမှုအသိုင်းအဝိုင်းနှင့် သက်ကြီးဘိုးဘွားများအကြား ခံစားချက်ချင်းတူညီလာမည်၊ ဗုဒ္ဓ၏တရားတော်နှင့်အညီ မိမိတို့၏ စောင့်ထိန်းအပ်သည့် ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာသွားမည်ဆိုပါက မိဘဘိုးဘွားများအတွက် အိမ်ဦးခန်းနေရာ ရှိနေဦးမည်သာဖြစ်သည်။ မိဘဘိုးဘွားများ၏ အိမ်ဦးခန်းမှ ဘုရားရှိခိုးခိုင်း အမျှပေးဝေသံလေးများသည်လည်း အိမ်၏မင်္ဂလာအရှိဆုံးသော ဆည်းလည်းသံလေးများ ဖြစ်နေဦးမည်သာဖြစ်သည်။

သို့ပါ၍ မိသားစုအသိုင်းအဝိုင်းနှင့် လူသားတစ်ရပ်လုံးက နွေးထွေးစွာကမ်းလာမည့်လက်များကို မျှော်လင့်နေသည့် သက်ကြီးဘိုးဘွားများအား နွေးထွေးကျင်နာသော မေတ္တာတရားများဖြင့် ဖြည့်စွမ်းပေးသွားနိုင်ကြပါစေကြောင်း။ ။


## ဘက်စုံစိုက်ပျိုးမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း
**(Multi-Agri Development Association)**

ဖိတ်ကြားလွှာ

**"အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာဟောပြောဆွေးနွေးပွဲ"**

ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါရန် ဖိတ်ကြား အပ်ပါသည်။

နေ့ရက် - ၂၄-၁-၂၀၁၅ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၁း၀၀နာရီမှ ၄း၀၀နာရီထိ
နေရာ - သီရိရတနာခန်းမ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။


## စာရေးဆရာများ၊ ကာတွန်းဆရာများနှင့် စာဖတ်သူများသို့

တရားသောဥပဒေစိုးမိုးရေး၊ အဂတိကင်းသောတရားစီရင်မှုပေါ်ပေါက်ရေး၊ နိုင်ငံသားများအတွင်း ဥပဒေအသိပညာတိုးပွားရေး၊ ဥပဒေနှင့်အသက်မွေးသူများ၏ ကျင့်ဝတ်သိက္ခာနှင့်တန်ဖိုးကိုမြှင့်တင်ရေး၊ ဥပဒေရေးရာပရဟိတလုပ်ငန်းများ ရှင်သန်တိုးတက်လာရေးဟူသောမူကို ဆုပ်ကိုင်ထား၍ Rule of Law (တရားဥပဒေစိုးမိုးရေး) ဂျာနယ်ကို ၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိမည်ဖြစ်ပါသဖြင့် ပူးပေါင်းပါဝင်ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ဂျာနယ်တိုက် | -၀၉-၇၃၀၀၀၄၄၁ | Rule of Law ဂျာနယ်တိုက် |
| တာဝန်ခံအယ်ဒီတာ | -၀၉-၇၃၂၁၇၈၁၆ | အမှတ်(၂၃)၅လွှာ(ယာ) |
| အယ်ဒီတာ | -၀၉-၂၆၀၂၂၆၀၈၂ | ဗိုလ်တထောင်လမ်းသွယ်(၂) |
| ကြော်ငြာတာဝန်ခံ | -၀၉-၄၃၀၄၀၇၆၉ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |








## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄/စီ၊ မြေကွက်အမှတ်-၈၊ အကစ်/၇၊ မြေကွက်တည်နေရာ-၁၂/ဒီ၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ (၁)ဗိုလ်မှူးချုပ်စိုးမြင့်၊ (၂)ဒေါ်မြင့်မြင့်အေး အမည်ပေါက် မြေပိုင်မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ်စိုးမြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်မြင့်အေး(ခ)ဒေါ်မြင့်မြင့်အေး[၁၂/သဃက(နိုင်)၀၀၆၀၈၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်(၈၂၁/က)၊ မြေကွက်တည်နေရာအမှတ်-၈၂၁/က၊ ရန်ပြေ(၂)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်ရှိ (ဒေါ်တင်စိန်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်တင်စိန် (မိခင်)နှင့် ဦးဘအုံး(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်မာရီ [၁၂/သကတ(နိုင်)၀၇၇၂၉၃]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-UE-1၊ မြေကွက်အမှတ်(၂၁၀)၊ မြေကွက်တည်နေရာအမှတ်-UE-1 ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါက်တာပေါ်ဦး [၁၂/လသန(နိုင်)၀၁၂၃၅၁]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါက်တာပေါ်ဦး (တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်မင်းမင်းကြိုင် [၉/ခမစ(နိုင်)၀၀၄၆၂၁]မှ ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၃၅၅/၂၀၁၄ (၂၄-၉-၂၀၁၄) ရက်စွဲပါ စီရင်ချက် တရားမဇာရီမှုအမှတ်-၁၅၀/၂၀၁၄ နှင့် ဘီလစ် ခန့်အပ်ကြောင်းအကြောင်းကြားစာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ/၉) တိုးချဲ့၊ မြေကွက်အမှတ်(၄၅၆)၊ မြေကွက်တည်နေရာအမှတ်(၄၅၆)၊ (ဗိုလ်ကြီးစိန်မြင့်)အမည်ပေါက်၊ ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ရာ ဒေါ်ဒေဒီ [၁၀/ပမန(နိုင်)၁၅၈၆၉၁]မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်တို့ တင်ပြပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

AGD BANK
Asia Green Development Bank Limited.

**အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်** ၏
**'စလင်းဘဏ်ခွဲ'** ကို မကွေးတိုင်းဒေသကြီး၊ စလင်းမြို့တွင်
၂၃.၁.၂၀၁၅(သောကြာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

**"မြန်မာတစ်မျိုးသားလုံးအတူတကွ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး"**

**ဆက်သွယ်ရန်လိပ်စာ**

**စလင်းဘဏ်ခွဲ**
အမှတ်(၂၅)၊ ဗိုလ်ချုပ်လမ်း၊ ဈေးမရပ်ကွက်၊ စလင်းမြို့၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။
ဖုန်း - (၀၆၃) ၄၂၄၀၉၊ ၄၂၄၁၀၊ ၄၂၄၁၁
ဖက်စ် - (၀၆၃) ၄၂၄၁၂၊ ၄၂၄၁၃




ကြော်ငြာ

# ဝမ်းနည်းကြေကွဲခြင်း

၁၉၉၃-၁၉၉၅ခုနှစ် ရန်ကုန်တက္ကသိုလ်(မန္တလေးဆောင်)(ဒဂုံဆောင်) ဘူမိဗေဒကျောင်းသားဟောင်း ကိုကျော်ကျော်နိုင်သည် ၁၇-၁-၂၀၁၅ ရက်တွင် ဟသ်ာတမြို့၌ ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ လျှဒါန်းမှုအစုစုအတွက် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ . . .

**၁၉၉၃-၁၉၉၅ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်**
**ဘူမိဗေဒကျောင်းသားဟောင်းများ**

## ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၄၅)ရှိ တိုက်ခန်းများနှင့်ပတ်သက်၍ မြေရှင်ဖြစ်သူမှ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂ဇက် ⁵)၊ မြေကွက်အမှတ် (V ၃၂၇၊ (ပေ၅၀×၂၅ပေ)၊ ဧရိယာ(၀. ၀၂၉)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်ပေါ်တွင် အထက်ဖော်ပြပါ လိပ်စာအရ တည်ရှိသော တိုက်ခန်းများကို မြေရှင်ဖြစ်သူအား အသိပေး အကြောင်းကြား သဘောတူခွင့်ပြုခြင်းမရှိဘဲ ပုံစံပြောင်းလဲပြုပြင်ခြင်း၊ အသေးစားအကြီးစား ပြုပြင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး မြေရှင်မှ အသိအမှတ်ပြု လက်ခံမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြေပိုင်ရှင်၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးထင်ကျော်** | **ဒေါ်သက်လေးချို** |
| **B.Sc,H.G.P, R.L** | **LL.B, D.B.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **WIPO (Switzerland)** |
| **(စဉ်-၅၃၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၈)** |

**SUPER TOP LAWFIRM.**
**အမှတ်-၁၃၈၊ ပ/ထပ်၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၂၄၃၅၆၇၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၇)လမ်း၊ တိုက်အမှတ်(၆၆၆/ဘီ)၊ မြေညီထပ်၊ အကျယ်အဝန်းပေ(၁၁½×၅၀) ကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးမြင့်ဝင်း[၁၂/လမန(နိုင်)၁၁၂၇၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ခင်ဦးနှင့် ဒေါ်ဝေဝေမြင့်တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သဲစုထွေး (LL.B,D.B.L, D.M.L, D.I.L)** | **ဦးမြတ်ထွန်း B.Sc, R.L** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၇၁၂၈)** | **(စဉ်-၃၆၉၀)** |

**အမှတ်-၅၅၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၇၂၂၂၊ ၀၉-၇၃၁၄၄၀၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)ရှေ့၊ မြေကွက်အမှတ်- ၅၈၃/ခ မြေကွက်တည်နေရာအမှတ်-၅၈၃/ခ၊ အောင်သပြေအနောက် (၇)လမ်း၊ သာကေတမြို့နယ် ဦးအေးမြင့်အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအေးမြင့် (ခင်ပွန်း)ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် အမှတ်(၇၆၂၇/၂၀၁၄)ဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းဥ[၁၂/သကတ(နိုင်)၁၁၄၃၀၉]မှ ပိုင်ဆိုင်ခဲ့ပြီး ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်/မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖိုးရှမ်း(ခ)ဦးဝေဖြိုးလင်း[၁၂/ပဇတ(နိုင်)၀၃၁၀၉၂] အမှတ်-၂၁၊ (၄)လွှာ၊ လိပ်ကန်လန်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့ သိရှိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဌေး[၁၂/ဆကခ(နိုင်)၀၁၆၉၆၁]အမှတ်-၁၂၃၊ (၅) လွှာ၊ (၂၃)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဖိုးရှမ်း(ခ)ဦးဝေဖြိုးလင်းသည် ၂၂-၆-၂၀၁၃ရက်တွင် ဒေါ်သန်းသန်းဌေးထံ ရောက်ရှိလာပြီးအမှတ်(၂၁)၊ (၄)လွှာ၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ တိုက်ခန်းစာချုပ်နှင့် ဆက်စပ်စာချုပ်များပေးအပ်ပြီး ၎င်းပိုင်ဆိုင်သည်ဟု ပြောကာ ဒေါ်သန်းသန်းဌေးထံ ငွေကြေးအကူအညီတောင်းခံခဲ့သဖြင့် ၎င်းနေ့တွင်ပင် ငွေကျပ် ငါးဆယ့်ငါးသိန်းတိတိ ( ၅၅သိန်း) ကို ၆ လသုံးမည်ဟုပြောဆိုခဲ့ပြီး စာချုပ်ချုပ်ဆိုရယူသွားခဲ့ပါသည်။

ယနေ့အထိ ငွေကျပ်၁၅၀၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်း) ကို အလီလီခွဲ၍ ပေးအပ်ခဲ့ပြီး ကျန်ငွေအား ပေးအပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲ၍ ငြင်းပယ်နေပါသဖြင့် ကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျန်ငွေနှင့် နစ်နာကြေးတစ်လုံးတစ်စည်းတည်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်သန်းသန်းဌေးထံသို့ဖြစ်စေ လာရောက်ပေးအပ်ပါရန် ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လာရောက်ပေးအပ်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သန်းသန်းဌေး** | **ဒေါ်အေးမြင့်** |

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၅၉၆)**
**အခန်း (အေ-၆)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ May Shopping Centre**
**ဖုန်း-၀၉၅၀၂၅၄၄၂**

## အများသိစေရန်

အမှတ်-၈၂၂၊ ဝေဇယန္တာ(၁၇)လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်ရှိ မြေညီ+(၁၄)ပေ အမြင့်ထပ်ခိုးတစ်ဝက်ပါ တိုက်ခန်းတစ်ခန်းကိုရောင်းချသူ ဦးလှဝင်း(TME-၀၃၆၄၄၁) ဇင်ကိုထက်ဆောက်လုပ်ရေးမှ ကျွန်ုပ် ဦးဇက္ကရိယာ [၁၂/ပဘတ(နိုင်)၀၁၆၆၈၅]သည် တိုက်ခန်း၏တန်ဖိုးငွေအား ၁၃-၁-၂၀၁၅ရက်တွင် အပြေအကျေတစ်လုံးတစ်ခဲတည်း ပေးချေပြီးကြောင်းနှင့် မြေရှင်ဖြစ်သူ ဦးတိုးစိန်[၁၂/သကတ(နိုင်)၀၁၄၀၆၇]မှလည်း အသိအမှတ်ပြုပြီး၍ ဝယ်ယူပြီးစီးပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**အခန်းပိုင်ရှင်**
**ဦးဇက္ကရိယာ [၁၂/ပဘတ(နိုင်)၀၁၆၆၈၅]**
**အမှတ်(၂၅၁)၊ ဗိုလ်အောင်ကျော်လမ်း၊ (၉)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၉၇၈၉၈**

[illegible]

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇေယျာအောင်၏ သဘော်သား လုပ်သက်မှတ်တမ်းစာအုပ်အမှတ်- ရန်-၃၄၅၀/၀၉သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၇၉၈၁၉၇၂၂၀**

## အများသိစေရန်ကြေညာချက်

[illegible]

[illegible]

Hot Line No-0930500100

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့သို့ရောက်ရှိ

**မွန်ဘိုင်း ဇန်နဝါရီ ၂၂**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဦးဆောင်သောအဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၁ ရက် ညပိုင်းတွင် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ် အန်ဆာရီနှင့်ဇနီးတို့က ဟိုက်ဒရာဘတ်အိမ်တော်တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ၉ နာရီတွင် Red Fort သို့ လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မဟတ္တမဂန္ဒီ အထိမ်းအမှတ်နေရာသို့ ရောက်ရှိလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ဒုတိယသမ္မတနှင့်အဖွဲ့သည် Akshardham Temple သို့ ရောက်ရှိလေ့လာကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုအပ် မိမိတို့နိုင်ငံအတွက် ရင်ဆိုင်နေရသော ကြီးမားသည့်စိန်ခေါ်မှုများတွင် မြေယာပြဿနာလည်း တစ်ခုအပါအဝင်ဖြစ်



ဒုတိယသမ္မတ ဦးညွန့်ထွန်း တံတားဦးမြို့နယ် ဥယျာဉ်ကျေးရွာတွင် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသား လေကြောင်းဖြင့် ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်အတူ အမရပူရမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းတို့က ဆောင်းဒါးရက်ကန်းကျောင်း စတင်ပေါ်ပေါက်လာပုံ သမိုင်းကြောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

# ကောင်းခါးကျေးရွာတွင် ဆရာမနှစ်ဦးသေဆုံးမှုနှင့်ပတ်သက်၍ အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူဆယ်မြို့ နမ့်တောင်းကျေးရွာအုပ်စု ကောင်းခါးကျေးရွာတွင် ဇန်နဝါရီ ၂၀ ရက်က ဒေသခံနှင့်ကျောင်းဆရာမနှစ်ဦး နေအိမ်၌သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၉ နာရီခွဲတွင် ဆရာမကျောင်းသို့မရောက်ရှိသဖြင့် ကျောင်းသားများက ဆရာမနေအိမ်သို့ သွားရောက်ကြည့်ရှုရာ မရမ်နုဂျာ (ခ) မရမ်လုရာ (၁၉)နှစ်နှင့် မရမ်ဘောင်ခေါင် နောင်ဆမ် (ခ) မခေါင်ဆန် (၂၁)နှစ်တို့နှစ်ဦးသည် ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာနှင့် ဦးခေါင်းပေါက်ပြဲဒဏ်ရာတို့ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

အဆိုပါ ဆရာမနှစ်ဦး၏နေအိမ်မှာ ဘုရားကျောင်းဝင်းတွင် တည်ရှိပြီး ယင်းနေ့နံနက် ၀၀း၃၀ နာရီခန့်က အော်ဟစ်သံကြားသဖြင့် ဘုရားကျောင်းအနီးနေ ဦးရှိကန်၏ ဇနီးဖြစ်သူ ဒေါ်နော်ဂျာမိုင်က သွားရောက်၍ ဆရာမနေအိမ်တံခါးအားခေါက်ပြီး မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

အခင်းဖြစ်နေရာမှ သွေးစွန်းနေသည့် စတီးဓားတစ်ချောင်း၊ ထင်းချောင်းတစ်ချောင်းနှင့် အခြားသဲလွန်စများတွေ့ရှိရသဖြင့် အမှုဖွင့်ပြီး အထူးအမှုစစ်အဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရကလည်း မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစီးပါဝင်သော စုံစမ်းစစ်ဆေးရေးခုံရုံးကိုဖွဲ့စည်းကာ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဇာဘိုင်ဂျန် ယူ-၂၁ အသင်းကို မြန်မာယူ-၂၀ အသင်းအနိုင်ယူ



၂၀၁၅ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် တူရကီနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီက အဇာဘိုင်ဂျန် ယူ-၂၁ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၇၁ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့် အသင်းခေါင်းဆောင် နန္ဒကျော်နှင့် ၇၇ မိနစ်တွင် တိုက်စစ်မှူး အောင်သူတို့က သွင်းယူခဲ့သည်။ မြန်မာယူ-၂၀ အသင်းမှာ ဇန်နဝါရီ ၁၉ ရက်က တာဂျစ်ကစ္စတန်ကလပ် Taraz အသင်းနှင့် ခြေစမ်းခဲ့ရာ နှစ်ဂိုးစီသရေကျခဲ့ပြီး ခြေစမ်းပွဲနှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ မြန်မာယူ-၂၀ အသင်းသည် ဇန်နဝါရီ ၂၄ ရက်တွင် အီရန်ယူ-၂၂ အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ယနေ့ မာတိကာ


သဘာဝသယံဇာတကို အများအကျိုးရှိဖို့ အသုံးချ — စာမျက်နှာ - ၂

နိုင်ငံတော်အခြေအနေနဲ့ ပတ်သက်ရင် တကယ့်နောက်ဆုံး အဆုံးအဖြတ်ပေးနိုင်တာ နိုင်ငံတော်သမ္မတ — စာမျက်နှာ - ၇

ယဉ်ကျေးမှုနှင့်အညီ ပညာသင်ကြားရေးကို ပြောင်းလဲရန် လိုအပ်လာ — စာမျက်နှာ - ၂၀





## ဝမ်းမြောက်ဂုဏ်ယူခြင်း

- အဂ္ဂမဟာ သိရီသုဓမ္မ
  မဏိဇောတရေ ဘွဲ့ထူးရှင်
- မြန်မာတစ်ခွင် သာသနာတွင် အုံ့ချီး
  သံသရာဖော် ထူးကံပေးသည့်
  ဦးညွှန့်ဌေး၏ ဇနီး
- ကြာငါးခိုင် သက်န်းတိုက်
  ဆင်မြန်းထိုက် တန်ခွန်ဝေ
- မကာရ ပြာသိုလ ရယ်လေ
  ခွာညိုလှ သဇင်တွေသင်း
- အဂ္ဂမဟာ သိရီသုဓမ္မသိင်္ဂီ
  လူ့ဘဝထိန်ညီ ဂုဏ်ဒြပ်တွေနှင့်
  ဒေါ်နီလာရွှေ အား အပ်နှင်း
- ကြားရသူ လှိုက်လှိုက်ထန် ၍
  ထိုက်ထိုက်တန် ဂုဏ်-ဂုဏေး ရောက်ခါဖြင့်
  စုံ-စုဝေး လျှမ်းတောက်ရှိ သည်
  ဝမ်းမြောက်ဂုဏ်ယူမိပါခြင်း

**တိုးတက်ကြီးပွားရေးအဖွဲ့**

**ပါရမီသီလရှင် စာသင်တိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့**

## မြတ်တံခွန်စာသင်တိုက်
## သိမ်၊ ကျောင်း၊ ဓမ္မာရုံ အလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားနေသော သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်၊ ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀) သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

**မြတ်တံခွန်စာသင်တိုက်**

**ဖုန်း-၀၉ ၅၁၁၉၉၇၀၊ ၀၉၇၃၁၄၇၁၄၃**

MEGA TWO STAR

Scania,Volvo,Yutong

Ph: 209077, 209388, 09-73167000, 09-73168000

Travels & Tours

Ph : 01 539459 , 09 252929732 ,33,44,55,66

**ပျောက်ဆုံးကြောင်း**

ကျွန်တော် သောင်းရွှေ [၁၂/အလန (နိုင်)၀၃၁၆၁၆] C.D.C-9981 ၏ C.O.C No.0266 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၅၀၇၂၂၀၅**

Travel Palace

KO NYAN

ရွှေသဇင်မင်း မြေပဲဆီသန့်

(၂၃. ၁. ၂၀၁၅ မှ ၂၅. ၁. ၂၀၁၅ အထိ)

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၉)၊ ဦးပိုင်(၅၈)၊ ၆၃×၆၄ကြား၊ တပင်ရွှေထီး× ရွှေလုံဗိုလ်လမ်းကြားရှိ ဗိုလ်မှူးလှမျိုးရှိန်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဝေဖြိုး[၈/မကန(နိုင်)၁၅၆၄၁၅]မှ မြေနေရာချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကြေညာချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ရွှေတောင်လမ်း၊ အမှတ် (၁၉၇)နေ ဦးဘရန်မွန်း[၁/မကန(နိုင်) ၀၁၃၃၁၀] သည် ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မိမိ၏မူပိုင်အဖြစ်သုံးစွဲရန် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။



လပ်ကီးမုန့်တိုက်(မြစ်ကြီးနား)

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ဂုဏ်ဖြင့်ပြုလုပ်သော မုန့်မျိုးစုံတို့ကို မိမိ၏မူပိုင်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ သွယ်ဝိုက်၍ဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အရောင်ကွဲလွဲ၍ဖြစ်စေ၊ ဆင်တူယိုးမှား ပုံတူပုံမှားပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ငွေကြေးများတောင်းခံနိုင်ရန်နှင့် အဆိုပါတံဆိပ်အမှတ်အသားကို ပယ်ဖျက်နိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဘရန်မွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော်(အထက်တန်းရှေ့နေ)**
**B.Sc,H.GP,D.B.L,D.I.L,D.M.L,**
**DL-IP,WIPO in Geneva**

**တိုက်(၆/၁/၃)၊ ဆရာများရိပ်သာ၊**
**လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်။**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၆၈၃**

**E-mail:myomaw 2007@gmail.com**

## အများသိစေရန် ကြေညာချက်


DAGON CITY 1
DEVELOPED BY
MARGA LANDMARK
သင်၏ ယုံကြည်မှုနှင့် နွေးထွေးပျူငှာမှုအတွက် ကျေးဇူးပါ မြန်မာ
ကျွန်ုပ်တို့အတူလက်တွဲလျက် မြန်မာနိုင်ငံကို ပိုမိုလှပစေပါမည်။
GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon.
RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

ပြည်သူ့အတွက်

# SKY NET

## ၂၀၁၅ နှစ်သစ် အထူးအစီအစဉ်

**SN-1 PACKAGE**
ရုပ်သံလိုင်း ၃၁++
လစဉ်ကြေး ၃၆၀၀ ကျပ်

**SN-3+HD PACKAGE**
Full HD ၁၀ လိုင်း အပါအဝင်ရုပ်သံလိုင်း ၁၁၈**
၃၆ လအရစ်ကျစနစ်
လစဉ်ကြေး ၁၃၅၀၀ ကျပ်

PACKAGE အသစ်

**SN-9 PACKAGE**
Full HD ၄ လိုင်း အပါအဝင်ရုပ်သံလိုင်း ၈၀**
အထူးအစီအစဉ်ကာလ
လစဉ်ကြေး(၇၀၀၀)ကျပ်
အထူးနှုန်း
လစဉ်ကြေး ၆၃၀၀ ကျပ်




## အထူးအစီအစဉ် ကာလ
## (၁၅.၁.၂၀၁၅ မှ ၂၈.၂.၂၀၁၅)ရက်နေ့အထိ

HOT LINES: 01-9010220, 01-9010221, 01-9010222, 01-9010223, 01-9010224

သက်ဆိုင်ရာ မြို့နယ် RSP များထံတွင် စုံစမ်း မေးမြန်းဝယ်ယူအားပေးနိုင်ပါသည်။

## PACKAGE အလိုက်ပါဝင်သော ရုပ်သံလိုင်းများ

SN-1 PACKAGE ၃၁**လိုင်း

SN-9 PACKAGE ၈၀**လိုင်း

SN-3 + HD PACKAGE ၁၁၈**လိုင်း


GOLDEN CITY
GOLDEN CITY Phase 2
လှပဆန်းသစ်သော အခန်းများစတင်ရွေးချယ်နိုင်မည့်အခွင့်အရေး
လစဉ်အနည်းဆုံးကျပ်ငွေ ၂၄ သိန်း ပေးသွင်းရုံဖြင့်
နိုင်ငံတကာအဆင့်မီကွန်ဒိုကိုပိုင်ဆိုင်ဖို့အခွင့်အလမ်းပေါ်ထွက်လာပါပြီ
၄၈ လ အရစ်ကျငွေပေးချေမှုစနစ်
GOLDEN CITY ကွန်ဒို မိတ်ဆက်ပွဲကြီးကို
တောင်ကြီးမြို့တွင်ကျင်းပပါမည်
၂၅ ရက်၊ ဇန်နဝါရီ၊ ၂၀၁၇၊ တောင်ကြီးဟိုတယ်၊ တောင်ကြီးမြို့။
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar

